မင်းကွန်း အခြေခံ

ဝိပဿနာ လက်စွဲ

၄

၁၀ ၃၃၉

မင်းကွန်း

ဓမ္မကထိက

ဆရာကြီး-ဦးမြတ်ကျော်

စီစဉ်ရေးသားသော

မင်းကွန်း
အခြေခံ
ဝိပဿနာ
လက်စွဲ

မင်းကွန်းတောရ ဆရာတော်-ဦးဝါယမ

ကြီးကြပ်ပြင်ဆင်သည်။

●

သာသနာ့အလင်း စာပေဌာန၊

အမှတ်-၂၁၊ ရွှေတိဂုံဘုရားဈေး၊

ရန်ကုန်မြို့။

ဒုတိယအကြိမ် ● အုပ်ရေ-၃၀၀၀။

သာဂရပြည်-ယိုးဒယားပြည်နှင့် မြန်မာပြည်-မြို့နယ် အရပ်ရပ်၌
ပဋိပတ္တိသာသနာတော်မြတ်ကို ပြုစုဟောပြတော်မူသော
မင်းကွန်း-ဓမ္မကထိက

ဆရာကြီး-ဦးမြတ်ကျော်ပုံ။

နိဒါန်း

ဤ အခြေခံဝိပဿနာလက်စွဲကျမ်းကို ကြိုးပမ်းရေးသားခြင်း၏ အကြောင်းရင်းဖြစ်သော နိဒါန်းစကားများမှာ၊ ယခုအခါသည် ကမ္ဘာမျှားစွာက သတ္တဝါအပေါင်းတို့၏ တောင့်တဆည်းပူးခဲ့ကြသော ပါရမီဆုတောင်း နိဗ္ဗာန်ရောက်ရန် အကြောင်းကံတို့ ညီညွတ်စိမံ ကောင်းမွန်စွာပြည့်လျှံသဖြင့် ငါးတန်သော သာသနာ့ယုဂခေတ်တို့တွင် ဝိမုတ္တိယုဂခေါ်သည့် ခေတ်ကောင်း ခေတ်မြတ်နှင့် ကြုံကြိုက်ပါမှ တိုက်ရိုက်ပေါ်ပေါက်လာသော နိဗ္ဗာန်ရောက်ကြောင်းတရားကို ဗုဒ္ဓဘာသာဝင်အများတို့ သိသင့်လှပေသည်။

ထိုသို့လျှင် ဝိမုတ္တိယုဂ ခေတ်နှင့်စပ်ယှဉ်သည့် တရားထူး-တရားမြတ်သည်၊ သမာဓိယုဂ, သီလယုဂ, သုတယုဂ, ဒါနယုဂ-ဟူသော ခေတ် ၄-ပါးကာလအတွင်း၌ ကွယ်ငုပ် ပြတ်လတ်၍နေပြီးနောက် ယခုအခါမှ ပေါ်ပေါက်လာသည်များကိုလည်း ဗုဒ္ဓဘာသာဝင် အပေါင်းတို့ ကောင်းစွာသိမြင်သင့်လှပေသည်။

"ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော"။ ပုဂ္ဂလဝိသေသော၊ပုဂ္ဂိုလ်ထူးကို။ ဝါ၊ဂုဏ်အထူးကို။ ဇာနိတဗ္ဗော၊သိအပ်၏။ ဝါ၊အံ့ဘွယ်ကြီးမား ဂုဏ်အင်အားကို သူတပါးတို့ သိထင်ရှားအောင် ထုတ်ဆောင်ပြဆိုအပ်ပေ၏။ ။ဤသို့လာသော ကျမ်းဂန်အရ ယခုအခါ၌ ဝိမုတ္တိယုဂခေတ် တရားစစ်ကို အသစ်တဘန် ပေါ်ထွန်းအောင် ရှက်ဆောင်အားထုတ် စောင့်ရှောက်ကူညီခြင်းကို ပြုလုပ်လုပ်ကြသော ပုဂ္ဂိုလ်ထူးတို့၏ ဂုဏ်ကျေးဇူးများကို ထင်ရှား သိသင့်သည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပါရမီဉာဏ်ပြည့်ဝသည့် သူတော်ကောင်းဟူသမျှ တို့သည်၊ ယထာဘူတ သဘာဝတရားတို့၏ ဖြောင့်မှန်သော နည်း လမ်းများကို ထင်ရှားစွာ နားလည်ကွဲပြား၍ သိရှိ မှတ်သားမိကြ ပါက၊ လွဲမှားသောပါပမိတ္တတို့၏ နည်းလမ်းများကိုရှောင်ရှားပြီး ဟုတ်မှန်ကောင်းမြတ်သော ကလျာဏမိတ္တတို့၏ နည်းလမ်းများ ကို ကျင့်ကြံလိုက်စားကြလျက်၊ လေးပါးသော အပါယ်ဘေးဒုက္ခ တို့မှ လွတ်မြောက်၍ သံသရာ တလျှောက်က အစဉ် ပါလာခဲ့ကြ သော သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ အစဖြာသော ကိလေသာ အယုတ် ခေတ်တို့သည် အမြစ်ပါ ပြုတ်ပြတ်လျက်၊ မွန်မြတ် ငြိမ်းလှေသော နိဗ္ဗာန်ချမ်းသာတရားများကို လွယ်ကူလျင်မြန်စွာ ရရှိခံစားနိုင်ကြ စေရန် ရည်သန်ရိုးရင်း နှလုံးသွင်းဖြင့်—

၁။ မန္တလေးမြို့၊ ဒုတိယရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါ ရာမ ဆရာတော်ဘုရားကြီး။ ၂။ ရန်ကုန်မြို့၊တတိယ ရွှေကျင်သာ သနာပိုင် ကျိုက္ကစံ ဆရာတော်ဘုရားကြီး။ ၃။ လောမြို့၊ရတနာပုံ တောရ ဆရာတော်ဘုရားကြီးများထံတွင် ပရိယတ္တိဉာဏ်ကို နည်းခံ သင်ယူပြီး၊ ၄။ မန္တလေး၊ စစ်ကိုင်းတောင် မင်းကွန်းဂူကလေး ချောင် ဇေတဝန် ဆရာတော်ဘုရားကြီး ထံတွင် သတိပဋ္ဌာန်နည်း လမ်း (သုဒ္ဓဝိပဿနာယာနိက) ကမ္မဋ္ဌာန်းကို ကြိုး ပမ်း တ ကုတ် ကြာမြင့်စွာ အားထုတ်ပြီး၍ ဤနည်းလမ်းအရဖြင့် မြန်မာပြည် အမြို့မြို့အရွာရွာနှင့် ယိုးဒယားပြည် ဗန်ကောက်မြို့၊ ပြင်သစ်ပြည် ဘီးလင်းမြို့နယ်များ၌ ပဋိပတ္တိသာသနာကို ပြုစု ပျော ကြား၍ ဤ အခြေခံဝိပဿနာလက်စွဲကျမ်းကို ဖြည့်စွက် ရေးသားချိန်တွင် ရန်ကုန်မြို့ ကမာရွတ် ကျားကိုက်လမ်း ယခုခေါ် ယောဂီချောင်း လမ်းရှိ သာသနာ့မာရ်အောင် မည်သော ကမ္မဋ္ဌာန်း တိုက်ကြီး၌ အဝေး,အနီးရှိ အသီးသီးသော ရဟန်းတပည့်၊ သာမဏေတပည့်၊

သီလရင်တပည့်၊ ရသေ့တပည့်၊ လူတပည့်တို့အား ဝိပဿနာတရားကို ဟောကြား ပြ,သ, ဆုံးမ, နည်းပေး နေသော **မင်းကွန်း ဓမ္မကထိကဓော်** ကမ္မဋ္ဌာန်းဆရာကြီး **ဦးမြတ်ကျော်**သည်၊ ပါဠိတော်,အဋ္ဌကထာ,ဋီကာစသည်တို့နှင့် ကျေးဇူးရှင် မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးရေးသားသော ပေဋကောပဒေသအဋ္ဌကထာ, သဇ္ဇောတာဝိဓိ, အာရမ္ဘာဝိဓိ စသော ကျမ်းတို့မှ ထုတ်နုတ်လျက်(**အခြေခံ·ဝိပဿနာလက်စွဲ**)မည်သောဤကမ္မဋ္ဌာန်းကျမ်းစာအုပ်ကို အကျဉ်းချုပ်တည်ထွင်၍ စီရင်ရေးသားပါသတည်း။

[(နိဒါန်းကို ပြဆိုချက်ပြီး၏။)]

မ င်း ကွ န် း

နိဗ္ဗာနမဂ္ဂဒီပနီကျမ်း

အဘိုး ၈–ကျပ်။

အခြေခံ-ဝိပဿနာလက်စွဲကျမ်း

ပထမတွဲ

ရတနာ ၃-ပါး ရှိခိုးမှုစသည်ကို ပြဆိုခြင်း အပိုင်း

၁-ပဏာမပဗ္ဗ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ရတနာ ၃-ပါး၊ ဦးထိပ်ထား၊ ညွတ်တွားဝန္ဒနာ။
၂။ မင်းကွန်းဇေတဝန်၊ ဆရာမွန်၊ အကျွန်ဦးနှိမ်ကာ။
၃။ ဤမှတပါး၊ ဆရာများ၊ စိတ်သားရှိသေစွာ။
၄။ နိဗ္ဗာန်ရလို၊ များထိုထို၊ လူဗိုလ်တောင်းပန်ရှာ။
၅။ မဂ်,ဖိုလ် ဉာဏ်လောက်၊ အမြန်ရောက်၊ သံပေါက် ရေး မည်သာ။
၆။ သတိပဋ္ဌာန်၊ ကျမ်းအရ၊ ဘွင့်ပြအရင်းမှာ။
၇။ ဋ္ဌကထာပါဠိ၊ ဋီကာညှိ၊ ဂဏ္ဌိညီစေရာ။
၈။ ရှေးဆရာကြီး၊ အသီးသီး၊ စံမှီးနည်းယူကာ။
၉။ ကွဲ့ရဲ့ချီးမွမ်း၊ ဤနှစ်သမ်း၊ မသန်းရှောင်ကြဉ်ပါ။
၁၀။ မင်းကွန်းထေရ၊ ဩဝါဒ၊ ရေးပြုဤကျမ်းစာ။

၁၁။ ဆရာတော့်ဂုဏ်၊ အကျဉ်းခြုံ၊ သိရုံပြုမည်သာ။
၁၂။ ပဋိပါတ်လမ်း၊ ကျမ်းစုံပြွမ်း၊ ထုံးတမ်းရှင်းလင်းကာ။
၁၃။ ထောင့်နှစ်ရာဝယ်၊ ခုနစ်ဆယ်၊ ရဘွယ်ဉာဏ်ထူးစွာ။
၁၄။ ထိုမှအစ၊ ဝေဏေယျ၊ လာကြများသူငါ။
၁၅။ လာသူနီး,ဝေး၊ ဓမ္မဆေး၊ တိုက်ကျွေးမြိုက်ရသာ။
၁၆။ ဗုဒ္ဓမတည်၊ ကျမ်းဂန်ပြု၊ များထုအံ့ဘွယ်ရာ။
၁၇။ ပဉ္စဝဂ္ဂ၊ သမ္ဗုဒ္ဓ၊ မြွက်ဟာဒေသနာ။
၁၈။ မောဂ္ဂလိပုတ္တ၊ ၉-ဌာန၊ ပြုကြသာသနာ။
၁၉။ ထိုနည်းအလား၊ ပမာထား၊ ဟောကြားစေလွှတ်ပါ။
၂၀။ ကိုယ်တွက်လုံငြား၊ သူတပါး၊ နည်းများပေးသင့်ရာ။

ပိုဒ်ပေါင်း ၂၀၊ ကဗျာခြယ်၊ ဤဝယ်ပဏာပြီး။

(ပဏာမပဗ္ဗကို ပြဆိုခြင်းပြီး၏။)

ဆင်ခြင်မှုစသည်ကို ပြဆိုခြင်းအပိုင်း

၂-ဝိစာရဏာပဗ္ဗ

၁။ မဂ်,ဖိုလ်လိုလား၊ ရှင်လူများ၊ စဉ်းစားဆင်ခြင်ရာ။
၂။ သမထလမ်း၊ စျာန်အခန်း၊ စံမြန်းဗြဟ္မာ့ရွာ။
၃။ ဝိပဿနာလမ်း၊ ကမ္မဋ္ဌာန်း၊ ဆုံးခန်းနိဗ္ဗုတာ။
၄။ စျာန်သမထ၊ သက္ကာယ၊ မြူမျှမကင်းပါ။
၅။ ဝိပဿနာမှ၊ သက္ကာယ၊ လုံးဝ ကင်းငြိမ်းရာ။
၆။ ဒေဝဒတ်ကို၊ စျာန်ရဆို၊ မဂ်,ဖိုလ်ဝေးသည်သာ။
၇။ စက္ခုပါလ၊ စျာန်မကြွ၊ မုချရဟန္တာ။
၈။ ဝိသာခါမ၊ စျာန်မရ၊ မှတ်ကြအရိယာ။

၉။ သက္ကာဒိဋ္ဌိ၊ မကင်းဘိ၊ စွဲငြိပါယ်လေးရွာ။
၁၀။ ဒိဋ္ဌိကင်းမှ၊ ပါယ်ဒုက္ခ၊ ငြိမ်းရလွန်ချမ်းသာ။
၁၁။ မဂ်,ဖိုလ်,နိဗ္ဗာန်၊ ရလိုပြန်၊ နည်းမှန်တွေ့အောင်ရှာ။
၁၂။ ဆရာမပြ၊ နည်းမကျ၊ မရမှတ်လေပါ။
၁၃။ ကမ္မဋ္ဌာန်းခွင်၊ မပေါက်လျှင်၊ အထင်ဟောတတ်ရှာ။
၁၄။ ကမ္မဋ္ဌာန်းခွင်၊ ပေါက်ရောက်လျှင်၊အမြင်ဟောတတ်ပါ။
၁၅။ အထင်ပညတ်၊ မြင်ပရမတ်၊ ၂-ရပ်ခွဲစိပ်ဖြာ။
၁၆။ တရားရသူ၊ အခြားလူ၊ မြင်မူသိနိုင်ပါ။
၁၇။ ခေမာဝတ္ထု၊ သတိပြု၊ ကြည့်ရှုဆင်ခြင်ရာ။
၁၈။ ဥဒယဗ္ဗယ၊ မြဲနိစ္စ၊ တည်မှ မှန်သည်သာ။
၁၉။ ဓမ္မစက္က၊ ဓောဏ္ဍည၊ ဟောပြဒေသနာ။
၂၀။ ဆင်တူရိုးမှား၊ ရှိသည်များ၊ ခြားနားသိလေပါ။

ပိုဒ်ပေါင်း-၂၀၊ ကဗျာခြယ်၊ ဤဝယ်ဝိစာပြီး။

(ဝိစာရဏာပဗ္ဗကိုပြဆိုခြင်းပြီး၏။)

ဆရာ့ဂုဏ်စသည်ကို ပြဆိုခြင်းအပိုင်း

၃-အာစရိယပဗ္ဗ

၁။ ခေတ်ကောင်း ကြုံငြား၊ နည်းအများ၊ ထင်ရှား ပေါ်သည်သာ။
၂။ ဆရာအများ၊ ပေါပေါက်ငြား၊ အမှား တွေ့တတ်ပါ။
၃။ ဆရာအတွက်၊ ရုတ်တရက်၊ နှစ်သက်မယုံရာ။
၄။ ဆွေးနွေး မေးမြန်း၊ ဉာဏ်စူးစမ်း၊ နည်းလမ်း ဖြောင့်မှန်စွာ။

၅။ ပညာနည်းပါ၊ သဒ္ဓါများ၊ လွဲမှားတတ်သည်သာ။
၆။ တခါမှားလျှင်၊ နောင်အစဉ်၊ ပြုပြင်ခက်လှပါ။
၇။ ခေါင်းဆောင် ရှေ့သွား၊ ပုဂ္ဂိုလ်ကား၊ များများ ဆင်ခြင်ရာ။
၈။ အမတ်သီဟ၊ သမုဒ္ဒ၊ ဟောပြဒေသနာ။
၉။ ကလျာမိတ္တ၊ ခုနစ်မျှ၊ ပြည့်ဝဂုဏ်အင်္ဂါ။
၁၀။ ကိုယ်တွက်ပြီးငြား၊တပည့်များ၊ ဟောကြားရသည်သာ။
၁၁။ အဆုံးမရောက်၊ ခုလတ်လောက်၊ ပြီးမြောက် ထင်တတ်ပါ။
၁၂။ အမှားကိုပင်၊ အမှန်ထင်၊ အစဉ်စွဲယူကာ။
၁၃။ အရှင်နာဂ၊ ဗာဟိယ၊ မှတ်ကြဝတ္ထုလာ။
၁၄။ နိဗ္ဗာန်လိုလား၊ ရှင်လူများ၊ မှတ်သားကြလေပါ။
၁၅။ ဆရာမြတ်ထံ၊ နည်းနာခံ၊ အမြန်အားထုတ်ရာ။
၁၆။ မာနထောင်လွှား၊ ဤတရား၊ လားလားမသင့်ပါ။
၁၇။ ဂုဏ်ကိုလိုလား၊ ရှင်လူများ၊ သိငြားမလိုက်ရာ။
၁၈။ ဆရာသိဥ္စည်း၊ ပမာနည်း၊ စံမှီးဝတ္ထုလာ။
၁၉။ ဆရာဆုံးမ၊ သြဝါဒ၊ နိစ္စမြဲစေပါ။
၂၀။ ပေါဋ္ဌိလအား၊ သက်သေထား၊ အများသိစေငှာ။
၂၁။ တရားမမြင်၊ ကျေးဇူးရှင်၊ ဂုဏ်အင်မသိပါ။
၂၂။ ဝက္ကလိမှ၊ ပေါဋ္ဌိလ၊ ကဿပဝတ္ထုလာ။
၂၃။ တရားထင်မြင်၊ ကျေးဇူးရှင်၊ ဂုဏ်အင်သိသည်သာ။
၂၄။ ခေမာသီရိ၊ တထေခင်ရှိ၊ များဘိဝတ္ထုလာ။

၂၄-ဝယ်၊ ကဗျာခြယ်၊ ဤဝယ်ဆရာပြီး။

(အာစရိယပဗ္ဗကို ပြဆိုခြင်းပြီး၏။)

သုတ်သင်ရန်စသည်ကို ပြဆိုခြင်းအပိုင်း

၄-ဝိသောဓနပဗ္ဗ

၁။ ဝိပဿနာလမ်း၊ ကမ္မဋ္ဌာန်း၊ ရှင်းခန်းသိမလေပါ။

၂။ ဒွိဟိတ်ပုဂ္ဂိုလ်၊ လူဆိုသို၊ အဆိုများသည်သာ။

၃။ ပါရမီညဏ်၊ မရှိပြန်၊ အမှန်ပြောတတ်ရှာ။

၄။ ရဟန္တာပင်၊ ဟိတ်ဖြစ်အင်၊ အစဉ်မသိပါ။

၅။ နည်းလမ်းအရ၊ စမ်းကြည့်မှ၊ သိကြဟိတ်အလာ။

၆။ ပဋိဘာဂ၊ သမထ၊ ထင်ကြတိဟိတ်မှာ။

၇။ ဝိပဿနာကား၊ ဖြစ်ပျက်များ၊ ထင်ရှားတိဟိတ်သာ။

၈။ အနိယတ၊ နိယတ၊ ခွဲပြနှစ်မျိုးလာ။

၉။ နိယတမှ၊ သည်ဘဝ၊ မုချရနိုင်ပါ။

၁၀။ ပါရမီကံ၊ ပြည့်စုံပြန်၊ အမှန်မရပါ။

၁၁။ ဇာတသတ်အား၊ သူခွေးသား၊ ထင်ရှားဒဏ္ဍာလာ။

၁၂။ စာမဘတ်က၊ နိဗ္ဗာန၊ မရဆိုဘတ်ပါ။

၁၃။ တရားအရ၊ စာနှင့်ပြ၊ ဗုဒ္ဓဟောခဲ့ရှာ။

၁၄။ တရားဆတ်ဆတ်၊ ပရမတ်၊ ပညတ်ကျမ်းဂန်စာ။

၁၅။ စာမတတ်သူ၊ နိဗ္ဗာန်ယူ၊ လွယ်ကူများသည်သာ။

၁၆။ ရှင်စူဠပန်၊ နည်းပုံစံ၊ အမှန်သိအပ်စွာ။

၁၇။ ငါးပါးအန္တရာယ်၊ မငြိတွယ်၊ တကယ်ရမည်သာ။

၁၈။ ပဓာနိယ၊ ပြည့်စုံကာ၊ မုချရနိုင်ပါ။

၁၉။ ပလိဗောဓ၊ ဆယ်ပါးမှ၊ ကင်းပရှောင်ကြဉ်ရာ။

၂၀။ ခုနစ်ဌာန်၊ သပ္ပါယ၊ ညီမျှမှီဝဲပါ။
၂၁။ ရှင်ပဋ္ဌိတ၊ ဖြစ်ပုံပြ၊ မှတ်ကြမာတိကာ။

၂၁-ဝယ်၊ ကဗျာခြယ်၊ ဤဝယ်ရှင်းခဏ်းပြီး။

(ဝိသောဓနပဗ္ဗကို ပြဆိုခြင်းပြီး၏။)

မဂ်,ဖိုလ်,နိဗ္ဗာန် ရရာ အကျင့်သိက္ခာကို ပြဆိုခြင်းအပိုင်း

၅-သီလပဗ္ဗ

၁။ သီလ သမာဓိ၊ ပညာရှိ၊ အဓိ သုံးသိက္ခာ။
၂။ မစုံလင်က၊ မဂ်မရ၊ ဆိုကြများသည်သာ။
၃။ လူနှင့်ရဟန်း၊ သီလခန်း၊ ခွဲခြမ်းယူသင့်ပါ။
၄။ သုဒ္ဓိ ၇-ပါး၊ အစဉ်ထား။ မှတ်သားရဟန်းမှာ။
၅။ ဝိနည်း တရား၊ လူတို့အား၊ မထားဒေသနာ။
၆။ သမာဒါန၊ သမ္ပတ္တ၊ ဆေဒ ၃-မျိုးလာ။
၇။ သီလ ၄-တန်၊ ခေါ်ဆိုပြန်၊ ကျမ်းဂန်ပြသည်သာ။
၈။ သမာဒါန၊ စောင့်သီလ၊ မုချမယူရာ။
၉။ ဝိပဿနာခဏ၊ ပြည့်စုံရ၊ သီလသမ္ပတ္တာ။
၁၀။ သီလအရ၊ ခြောက်ဌာန၊ စောင့်ထလုံခြုံစွာ။
၁၁။ စက္ခုန္ဒြေ၊ အထူးပေ၊ ကြွင်းလေ ငါးခုမှာ။
၁၂။ သီလငါးပါး၊ လူတို့အား၊ တည်ငြားမဂ်ရပါ။
၁၃။ အင်္ဂုလိမာလ၊ ထုံးနည်းပြ၊ မှတ်ကြယုံကြည်စွာ။
၁၄။ သမထတရား၊ ခေါ်ဆိုငြား၊ များပြားမည်သည်သာ။

၁၅။ သမာဓိ အရ၊ ခဏိက၊ ယူဆ ဝိပဿနာ။
၁၆။ ဝိသုဒ္ဓိမဂ်၊ ကျမ်းဂန်ထွက်၊ နှစ်သက်ယုံကြည်စွာ။
၁၇။ ဒါန သီလ၊ သမထ၊ မရ အားကိုးရာ။
၁၈။ ဓမ္မာသောက၊ ရှင်တိဿ၊ မှတ်ကြဝတ္ထုလာ။
၁၉။ ဒေဝဒတ်အား၊ ပမာထား၊ အများသိစေလပါ။
၂၀။ ဝိပဿနာမှ၊ နိဗ္ဗာန၊ မုချ ရမည်သာ။

ပိုဒ်ပေါင်း-၂၀၊ ကဗျာခြယ်၊ ဤဝယ်သီလပြီး။

(သီလပဗ္ဗကို ပြဆိုခြင်းပြီး၏။)

ရုပ်နာမ် သဘောသဘောကို ပြဆိုခြင်းအပိုင်း

၆-သဘာဝပဗ္ဗ

၁။ ပရမတ် တရား၊ သဘောများ၊ ပိုင်းခြား သိကြပါ။
၂။ ရုပ်နာမ်နှစ်ပါး၊ အကျဉ်းအား၊ မှတ်သားရှေးဦးစွာ။
၃။ ခန္ဓာငါးပါး၊ အမည်များ၊ ထင်ရှားသိသင့်ရာ။
၄။ အာယတန၊ ဆယ့်နှစ်ဝ၊ ခွဲပြသေအချာ။
၅။ ဓာတ်ဆယ့်ရှစ်ပါး၊ အကျယ်အား၊ ခြားနားသိလေပါ။
၆။ ပဋိစ္စဓာတ်၊ သမုပ္ပါဒ်၊ ထွက်ရပ်လမ်းကိုရှာ။
၇။ ထွက်လမ်းမမြင်၊ များလူရှင်၊ ဝဋ်တွင်မြောရမှာ။
၈။ သစ္စာလေးရပ်၊ ပရမတ်၊ တပ်အပ်သိမြင်ရာ။
၉။ ဗောဓိပက္ခိယ၊ ခေါ်ဆိုကြ၊ ယူဆသဘောမှာ။

၁၀။ သင်္ချာမှတ်သား၊ ပညတ်ထား၊ များပြားမည်သညာ။

၁၁။ ကမ္မဋ္ဌာန်းအလုပ်၊ သဘောချုပ်၊ နာမ်,ရုပ်နှစ်ခုသာ။

၁၂။ စိတ်တချက်တွင်၊ အကုန်ပင်၊ ပါဝင်ဝိပဿနာ။

၁၃။ လက္ခဏာယာဉ်၊ သုံးပါးလျှင်၊ အမြင်ရှုရပါ။

၁၄။ အာရုံအစဉ်၊ မပြတ်ထင်၊ မမြင်အနိစ္စာ။

၁၅။ ဣရိယာပထ၊ ဖုံးလွှမ်းကြ၊ ဒုက္ခမထင်ပါ။

၁၆။ အစိုင်အခဲ၊ တခုထဲ၊ မကွဲအနတ္တာ၊

၁၇။ သုတ,စိန္တ,ဘာဝနာ၊ သုံးဉာဏ်ရှိသည်သာ။

၁၈။ ပြောနည်းအစဉ်၊ သဘောယှဉ်၊ ကျင့်လျှင် ၃-မျိုးလာ။

၁၉။ အတိတ် နာဂါမ်၊ ပစ္စုပ္ပန်၊ သုံးတန်ကာလမှာ။

၂၀။ အသစ်မကြုံ၊ ဟောင်းမပြန်၊ ပစ္စုပ္ပန်ဩသာ။

၂၁။ ပေဠကော နေတ္တိ၊ ကျမ်းဂန်ရှိ၊ သတိချပ်လေပါ။

၂၂။ ကိလေသာကား၊ မူလအား၊ သုံးပါးစဉ်အလာ။

၂၃။ လွန်ကြူးဆူပွက်၊ မျိုးမပျက်၊ သုံးချက်ကိလေသာ။

၂၄။ အနာနှင့်ဆေး၊ သင့်အောင်ပေး၊ ပျောက်ရေးမခက်ပါ။

၂၅။ သညာ စိတ္တ၊ ဒိဋ္ဌိပ၊ သုံးဝ ဝိပ္ပလ္လာ။

၂၆။ ပကတိစိတ်ထား၊ ရှင်လူများ၊ ဖြစ်ပွားကိလေသာ။

၂၇။ ဝိပဿနာရှုဋ္ဌား၊ ယောဂီများ၊ ပယ်ရှားကိလေသာ။

၂၈။ ပရိယာယ၊ အာဒိတ္တ၊ မှတ်ကြကျမ်းဂန်လာ။

၂၉။ ဥရုဝေဠ၊ ကဿပ၊ ဟောပြဒေသနာ။

၃၀။ တထောင် ရဟန်း၊ ဝဋ်ကုန်ခန်း၊ ကျွတ်တမ်းဝင်ကြရှာ။

ပိုဒ်ပေါင်း ၃၀၊ ကဗျာခြယ်၊ ဤဝယ်သဘောပြီး။

(သဘာဝပဒ္ဓကို ပြဆိုခြင်းပြီး၏။)

သတိဖြင့်ရှုမှတ်ပုံကို ပြခြင်းအပိုင်း

၇-သတိပဋ္ဌာနပဗ္ဗ

၁။ သတိပဋ္ဌာန်၊ နည်းအရ၊ မှတ်ကြည့်ဖို့သာ။
၂။ ကျိုးအာနိသံ၊ ခုနစ်တန်၊ ဗုဒ္ဓဟောခဲ့ပါ။
၃။ ကာယ,ဝေဒနာ၊ စိတ်,ဓမ္မာ၊ လေးဖြာနုပဿနာ။
၄။ တိက္ခ-မန္ဒ၊ စရိတ၊ ခွဲပြ လေးမျိုးလာ။
၅။ လေထွက်-လေဝင်၊ ဖြစ်ခိုက်တွင်၊ အစဉ်မှတ်ရပါ။
၆။ ထွက်လျှင်-ထွက်တယ်၊ ဝင်-ဝင်တယ်၊အလွယ်မှတ်ရပါ။
၇။ သွားလျှင်-သွားတယ်၊ ရပ်-ရပ်တယ်၊ အလွယ်မှတ်ရပါ။
၈။ ထိုင်လျှင်-ထိုင်တယ်၊ အိပ်-အိပ်တယ်၊ တကယ်မှတ်ရပါ။
၉။ ကိုယ်ကာယပိုင်း၊ ပြုပြင်တိုင်း၊ မဆိုင်းမှတ်ရပါ။
၁၀။ ပြောင်းလဲတိုင်းပင်၊ မမှတ်လျှင်၊ အစဉ်ကိလေသာ။
၁၁။ ခန္ဓာကိုယ်တွင်၊ ပြောင်းလဲစဉ်၊ မှတ်လျှင်ကိလေကွာ။
၁၂။ ကွေးစဉ်-ဆန့်စဉ်၊ လှုပ်ရှားစဉ်၊ တွင်တွင် မှတ်ရပါ။
၁၃။ စားစဉ်-ဝါးစဉ်၊ ယူအင်၊ မျိုစဉ်မှတ်ရပါ။
၁၄။ ဤသို့မှတ်ကြ၊ အကျဉ်းပြ၊ ကာယနုပဿနာ။
၁၅။ အာရုံခြောက်ခု၊ ချမ်းသာစု၊ ခေါ်မှုသုခပါ။
၁၆။ အာရုံခြောက်တွင်၊ ဆင်းရဲထင်၊ ခေါ်တွင်ဒုက္ခသာ။
၁၇။ သုခ၊ဒုက္ခ၊ မထင်က၊ မှတ်ကြ ဥပေက္ခာ။
၁၈။ ကောင်း ဆိုးအစု၊ ထင်တိုင်းရှု၊ ခေါ်မှု ဝေဒနာ။
၁၉။ နိရာမိသ၊ သာမိသ၊ ပွားထနုပဿနာ။
၂၀။ အာရုံခြောက်ဝ၊ နှစ်သက်က၊ ခေါ်ကြ ရာဂသာ။

၂၁။ အာရုံခြောက်လျှင်၊ အပြစ်မြင်၊ ခေါ်တွင် ဒေါသပါ။
၂၂။ အာရုံခြောက်ပါး၊ မသိငြား၊ မှတ်သား မောဟပါ။
၂၃။ သိခြင်း-မေ့ခြင်း၊ တွေးကြံခြင်း၊ စိတ်ရင်းဖြစ်ပေါ်လာ။
၂၄။ သိလျှင်-သိတယ်၊ မေ့-မေ့တယ်၊ မှတ်ဘွယ်ထင်တိုင်းသာ။
၂၅။ စိတ်ဖြစ်သမျှ၊ ရှုမှတ်ရ၊ စိတ္တာနုပဿနာ။
၂၆။ ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ များလှငါးခန္ဓာ။
၂၇။ လက္ခဏာယာဉ်၊ သုံးပါးလျှင်၊ အမြင်ရှုရပါ။
၂၈။ အနိစ္စ-ဒုက္ခ၊ အနတ္တ၊ မှတ်ကြသဘောလာ။
၂၉။ လက္ခဏတ္တယ၊ ထင်မြင်က၊ ဓမ္မာနုပဿနာ။
၃၀။ အမြဲသုခ၊ အစိုးရ၊ မြောကြသံသရာ။

မိုဒ်ပေါင်းသုံးဆယ်၊ ကဗျာခြယ်၊ ဤဝယ်သတိပြီး။

(သတိပဋ္ဌာနပဗ္ဗကို ပြဆိုခြင်းပြီး၏။)

ပထမတွဲ-ပြီး၏။

မင်း ကွန်း

ဝိပဿနာဒီပနီကျမ်းကြီး

အဘိုး ၇—ကျပ်။

ဒုတိယတွဲ

●

ဒွါရ,အာရုံ ရှုမှတ်ပုံကို ပြခြင်းအပိုင်း

ဂ—ဒွါရပမာ

၁။ အာရုံ,ဒွါရ၊ ဝိညာဏ၊ ဆုံက နာမ်,ရုပ်သာ။
၂။ ဒွါရ,အာရုံ၊ ဝိဉာဏ်ဆုံ၊ မှတ်ပုံသိလေပါ။
၃။ မြင်လျှင်-မြင်တယ်၊ ကြား-ကြားတယ်၊ မှတ်ဘွယ် ဤသို့သာ။
၄။ နံလျှင်-နံတယ်၊ စား-စားတယ်၊ အလွယ်မှတ်ရပါ။
၅။ ထိ,လျှင်-ထိ,တယ်၊ သိ,သိတယ်၊ တကယ်မှတ်ရပါ။
၆။ မြင်-မြင်သမှု၊ အဆင်းရှု၊ သိမှု ကိလေကွာ။
၇။ ကြား-ကြားသမှု၊ အသံရှု၊ သိမှု ကိလေကွာ။
၈။ နံ-နံသမှု၊ အနံ့ရှု၊ သိမှု ကိလေကွာ။
၉။ စား-စားသမှု၊ ရသာရှု၊ သိမှု ကိလေကွာ။
၁၀။ ထိ-ထိသမှု၊ အတွေ့ရှု၊ သိမှု ကိလေကွာ။
၁၁။ သိ-သိသမှု၊ သဘောရှု၊ သိမှု ကိလေကွာ။
၁၂။ အာရုံခြောက်ပါး၊ ခြောက်တံခါး၊ မနားထွက်ဝင်ပါ။
၁၃။ အာရုံခြောက်တွင်၊ အပြစ်ဝင်၊ ဖြစ်လျှင်ဤကသာ။
၁၄။ အာရုံခြောက်တွင်၊ အပြစ်စင်၊ လွတ်လျှင်ဤကသာ။
၁၅။ အထွက်-အဝင်၊ မသိလျှင်၊ အစဉ်ကိလေသာ။
၁၆။ အထွက်-အဝင်၊ သိကြလျှင်၊ အစဉ်ကိလေကွာ။
၁၇။ ခြောက်ပါးအာရုံ၊ ကောင်းပြန်တုံ၊အကုန်လောဘသာ။
၁၈။ ခြောက်ပါးအာရုံ၊ မကောင်းတုံ၊ အကုန်ဒေါသပါ။

၁၉။ အကုဝိပါက်၊ ကုဝိပါက်၊ နှစ်ချက်သဘောမှာ။
၂၀။ အဆင်းမှတ်ငြား၊ နာမ့်ရုပ်အား၊ နှစ်ပါးပျက်သည်သာ။
၂၁။ အသံမှတ်ငြား၊ နာမ့်ရုပ်အား၊ နှစ်ပါးပျက်သည်သာ။
၂၂။ အကြောင်းလေးပါး၊ ဖြစ်-ပျက်များ၊ မခြားတူလှပါ။
၂၃။ အဆင်း၌ပင်၊ သာယာလျှင်၊ အစဉ်လောဘသာ။
၂၄။ အသံ၌ပင်၊ သာယာလျှင်၊ အစဉ်လောဘသာ။
၂၅။ အကြောင်းလေးပါး၊ သဘောများ၊ မှတ်သားအတူပါ။
၂၆။ မမြင်ချင်က၊ မြင်ပြန်ရ၊ ဒေါသဖြစ်သည်သာ။
၂၇။ မကြားချင်က၊ ကြားပြန်ရ၊ ဒေါသဖြစ်သည်သာ။
၂၈။ အကြောင်းလေးဝ၊ တွေ့ကြုံက၊ တူမျှသဘောမှာ။
၂၉။ အဆင်းကိုမှတ်၊ အကြောင်းခတ်၊ ကလာပ်အကုန်ပါ။
၃၀။ အသံကိုမှတ်၊ အကြောင်းခတ်၊ ကလာပ်အကုန်ပါ။
၃၁။ ကလာပ်အပေါင်း၊ စုကာပေါင်း၊ ရှုကြောင်းတခုသာ။
၃၂။ သဘောတူလျှင်၊ အကုန်ပင်၊ ပါဝင်ကြသည်သာ။
၃၃။ ဥပ္ပါဒ၊ နိရောဓ၊ တကွမှတ်လေပါ။
၃၄။ ဖြစ်တူ-ပျက်တူ၊ သဘောမူ၊ အတူရသည်သာ။
၃၅။ ဘိဓမ္မာလက်သန်း၊ သင်္ဂြိုဟ်ကျမ်း၊ ခွဲခြမ်းသိလေပါ။
၃၆။ အာရုံဒွါရ၊ ထင်လာက၊ ကိစ္စလိုရင်းသာ။
၃၇။ ရှေးရှုဉာဏ်တွင်၊ ထင်တိုင်းပင်၊ အစဉ်မှတ်ရပါ။
၃၈။ ဝိဇ္ဇမာန၊ ပညတ်ပ၊ မှတ်ရ ဝိပဿနာ။
၃၉။ ဒွါရအာရုံ၊ ရှုမှတ်ပုံ၊ အကုန်တူတော့သာ။
၄၀။ သံသရာက၊ လွတ်ချင်လှ၊ မှတ်ကြည့်သို့ပါ။

ပိုဒ်ပေါင်းလေးဆယ်၊ ကဗျာခြယ်၊ ဉာဏ်ဝယ်ဒွါရပြီး။

(ဒွါရပဗ္ဗကိုပြဆိုခြင်း ပြီး၏။)

ဝိပဿနာဉာဏ်ကို ပြခြင်းအပိုင်း

၉-ဉာဏပဗ္ဗ

၁။ ဝိပဿနာဉာဏ်ကား၊ ၁၇-ပါး၊ မှတ်သားကြစေရန်။
၂။ ရုပ်,နာမ်နှစ်ဝ၊ ပိုင်းခြားက၊ ပရိစ္ဆေဒဉာဏ်။
၃။ အကြောင်းနှစ်ဝ၊ သိမ်းဆည်းက၊ ပရိဂ္ဂဟာဉာဏ်။
၄။ သုံးဖြာလက္ခဏာ၊ သုံးသပ်ရ၊ သမ္မသနဉာဏ်။
၅။ ကာလသုံးပါး၊ ရုပ်,နာမ်များ၊ ပိုင်းခြားအသိဉာဏ်။
၆။ ဖြစ်,ပျက် နှစ်ဝ၊ ထင်မြင်က၊ ဥဒယဗ္ဗယဉာဏ်။
၇။ အန္တရာယ်ကား၊ ၁၀-ပါးထား၊ မှတ်သားသိစေရန်။
၈။ တရားနှင့်၊ ဗလဝ၊ ခေါ်ကြနှစ်မျိုးဉာဏ်။
၉။ အပျက်ကိုသာ၊ မြင်လေရာ၊ သညာ ဘင်ဉာဏ်။
၁၀။ ရုပ်ကိုသာသိ၊ စိတ်ပါသိ၊ ထူးဘိ အပျက်ဉာဏ်။
၁၁။ ကြောက်ဘွယ်ခပင်း၊ဘေးအသင်း၊ထင်ခြင်း ဘယဉာဏ်။
၁၂။ ဘယဉာဏ်မှ၊ သင်္ခါရ၊ မှတ်ကြ တမျိုးဉာဏ်။
၁၃။ ရှုံမုန်းဘွယ်ရှိ၊ ပြစ်မြင်ဘိ၊ အာဒီနဝဉာဏ်။
၁၄။ မရွှင်မလန်း၊ အားကုန်ခန်း၊ ညှိုးနွမ်းနိဗ္ဗိဉာဏ်။
၁၅။ ရုပ်,နာမ်နှစ်ခု၊ လွတ်လိုမှု၊ မုဉ္စိတုကမျတာဉာဏ်။
၁၆။ လွတ်ရန်မြင်သိ၊ အားတိုက်ဘိ၊ ပဋိသင်္ခါဉာဏ်။
၁၇။ မုန်း,ချစ် မပြု၊ လျစ်လျူရှု၊ သင်္ခါရုပေက္ခာဉာဏ်။
၁၈။ မဂ်စိတ်ကာလ၊ ဖြစ်သင့်က၊ အနုလောမဉာဏ်။
၁၉။ ပုထုဇဉ်ဟူ၊ နွယ်ဖြတ်မှု၊ ဂေါတြဘူဉာဏ်။
၂၀။ ရုပ်,နာမ် နှစ်ဝ၊ ချုပ်ငြိမ်းရ၊ မဂ္ဂ အကြောင်းဉာဏ်။
၂၁။ ချမ်းသာမြေ၊ စိတ်သုခ၊ ဖလ အကျိုးဉာဏ်။
၂၂။ ဆိန္နဝဋ္ဋမြ၊ ပိုင်းခြားမျှ၊ ထင်ရ ဝိမုတ်ဉာဏ်။

၂၃။ မင်္ဂ,ဖိုလ်,နိဗ္ဗာန်၊ဆင်ခြင်ပြန်၊မှတ်ရန်ပစ္စဝေက္ခဏာဉာဏ်။
၂၄။ အာရုံခြောက်တွင်၊ ရှုမှတ်ငြဲ၊ မင်္ဂဝင်ဖိုလ်ရောက်ပါ။
၂၅။ အဆင်းမှတ်က၊ မင်္ဂစိတ်ကျ၊ ချုပ်ရ နာမ်ရုပ်သာ။
၂၆။ အသံမှတ်က၊ မင်္ဂစိတ်ကျ၊ ချုပ်ရ နာမ်ရုပ်သာ။
၂၇။ အကြွင်းလေးပါး၊ ဖြစ်ပုံကား၊ မခြားတူတော့သာ။
၂၈။ မင်္ဂ,ဖိုလ်,နိဗ္ဗာန်၊ ခွဲခြားဟန်၊ မှတ်ရန်ဤသို့သာ။
၂၉။ အနိစ္စပင်၊ ထင်ပြန်လျှင်၊ အသွင်ကွယ်ပျောက်ပါ။
၃၀။ ဆင်းရဲဒုက္ခ၊ မြင်ပြန်က၊ ကွယ်ပကောင်းဆိုတာ။
၃၁။ အနတ္တကို၊ သည်း၏ဆို၊ ပုဂ္ဂိုလ်သတ္တဝါ။
၃၂။ မင်္ဂဝင်တံခါး၊ သုံးပေါက်ထား၊ မှတ်သားဤသို့သာ။

၃၂-ဝယ်၊ ကဗျာခြယ်၊ ဤဝယ်ဉာဏ်ပိုင်းပြီး။

(ဉာဏပဗ္ဗကို ပြဆိုခြင်းပြီး၏။)

တရားချုပ်ငြိမ်းသည်ကို ပြခြင်းအပိုင်း

၁၀-နိဗ္ဗာနပဗ္ဗ

၁။ ဤကားဒုက္ခံ၊ ဤနိဗ္ဗာန်၊ အမှန်ပိုင်းသိကာ။
၂။ အသိရောက်လျှင်၊ မသိစင်၊ ခေါ်တွင်သမုပါ။
၃။ အသိစိတ်တွင်း၊ ကြောင်း,ကျိုးကင်း၊ မြင်ခြင်းနိရောဓာ။
၄။ ကြောင်းကျိုးနှစ်ဝ၊ ရှိသမျှ၊ လောကမှတ်ယူပါ။
၅။ သိခြင်းသဘော၊ မင်္ဂဟုပြော၊ ခေါ်ဝေါ်ပွားဆိုတာ။
၆။ သစ္စာလေးချက်၊ တပြိုင်နက်၊ မင်္ဂ၏ကိစ္စသာ။
၇။ မင်္ဂစိတ်လေးတန်၊ လေးသစ္စာ၊ ဒုက္ခံဦးစီးပါ။
၈။ တေဘုမ္မကံ၊ ဝဋ္ဋဒုက္ခံ၊ ဗုဒ္ဓံဟောခဲ့ရှာ။

၉။ အောက်မဂ်သိမြင်၊ ထက်မဂ်တွင်၊ ကျင့်စဉ် နည်းတူပါ။
၁၁။ သေးဖိုလ်ချုပ်ကာ၊ ဥဒယ၊ တည်ကြ အမြဲသာ။
၁၁။ ကျင့်နည်းအစဉ်၊ ရှုမှတ်လျှင်၊ ထင်မြင် ဥဒယာ။
၁၂။ အလိုကိုပင်၊ အမှတ်ထင်၊ သိမြင် ဒုက္ခသာ။
၁၃။ ဖိုလ်ဝင်စားချင်၊ နောက်နည်းပင်၊ ကျင့်လျှင် ရနိုင်ပါ။
၁၄။ အနှေးအမြန်၊ ရှိဘတ်ပြန်၊ မှတ်ရန် တနည်းသာ။
၁၅။ ဝသီ ၅-အင်၊ ဝင်,မဝင်၊ နှိုင်းယှဉ်သိလေပါ။
၁၆။ ဝသီဘော်ရ၊ စိတ်လိုကာ၊ ခဏပြီးစီးရာ။
၁၇။ နိဗ္ဗာန်အရ၊ သဘာဝ၊ ခွဲပြကျမ်းဂန်လာ။
၁၈။ သဥပါဒိ၊ သေသာနိ၊ ကြွင်းရှိ ငါးခန္ဓာ။
၁၉။ ကိလေသာကင်း၊ ခန္ဓာကြွင်း၊ ရှင်းရှင်းမှတ်ယူပါ။
၂၀။ ရဟန္တာဆို၊ ဘုရားကို၊ မဂ်,ဖိုလ်စိတ်ခန္ဓာ။
၂၁။ ဤသည့်ခန္ဓံ၊ အာရုံခံ၊ အမှန်နိဗ္ဗုတာ။
၂၂။ နိဗ္ဗာန်တပါး၊ ခန္ဓာခြား၊ နှစ်ပါးပြားသည်သာ။
၂၃။ ခန္ဓာကြွင်းပြန်၊ ပစ္စုပ္ပန်၊ အမှန်သိကြပါ။
၂၄။ ဝိသုဒ္ဓိမဂ်၊ ကျမ်းဂန်ထွက်၊ ပြလျက်ကျယ်ဝန်းစွာ။
၂၅။ အနုပါဒိ၊ သေသာနိ၊ မရှိငါးခန္ဓာ။
၂၆။ အသင်္ခတံ၊ နိရောဓံ၊ အမှန်တူတော့သာ။
၂၇။ ဘုရားသခင်၊ နိဗ္ဗာန်မြင်၊ အစဉ်နိရောဓာ။
၂၈။ ပရိနိဗ္ဗာန်၊ စံလွန်ပြန်၊ အမှန်နိရောဓာ။
၂၉။ ပုဂ္ဂိုလ်တိုင်းပင်၊ နိဗ္ဗာန်ဝင်၊ ထင်မြင်နိရောဓာ။
၃၀။ မဂ်,ဖိုလ်ရခိုက်၊ သိမြင်လိုက်၊ တိုက်ဆိုက်နိရောဓာ။

ပိုဒ်ပေါင်း-၃၀၊ ကဗျာခြယ်၊ ဤဝယ်နိဗ္ဗာန်ပြီး။

(နိဗ္ဗာနပဗ္ဗကို ပြဆိုခြင်းပြီး၏။)

ကိလေသာပယ်သည်ကို ပြခြင်းအပိုင်း

၁၁-ပဟာနပဗ္ဗ

၁။ သံယောဇဉ်တရား၊ ပယ်ပုံများ၊ မှတ်သားကြလေပါ။

၂။ ဒိဋ္ဌိ,ဝိစိ၊ သီလရို၊ ပယ်သိ မဂ်သောတာ။

၃။ ကာမရာဂ၊ ပဋိဃ၊ သြဠ ဒုတိယာ။

၄။ သုခု တတိယ၊ ကြွင်းပဋ္ဌ၊ ပယ်ကြ စတုတ္ထာ။

၅။ ကိလေသာတွင်၊ ဒိဋ္ဌိ ဝိလျှင်၊ ပယ်ကြဉ် ပထမာ။

၆။ ဒေါ တတိယ၊ ကြွင်းသတ္တ၊ ပယ်ကြ စတုတ္ထာ။

၇။ ဒိဋ္ဌိ-မုသာ၊ ကမ္မန္တ၊ ဇီဝ ပထမာ။

၈။ သင်္ကပ်-ပိသု၊ ဝါစာ-ဖရု၊ ပယ်မှု တတိယာ။

၉။ အကြွင်းခြောက်လျှင်၊ မိစ္ဆာတွင်၊ ပယ်ကြဉ် စတုတ္ထာ။

၁၀။ လောကဓံတွင်၊ တခေါ်ကြဉ်၊ ကြွင်းလျှင် စတုတ္ထာ။

၁၁။ မစ္ဆရိယ၊ ငါးပါးမှ၊ ပယ်ကြ ပထမာ။

၁၂။ အနိစ္စတွင်၊ နိစ္စလျှင်၊ မှတ်ထင် သိရှာပါ။

၁၃။ အနတ္တတွင်၊ အတ္တလျှင်၊ မှတ်ထင် သိယူပါ။

၁၄။ ဒုက္ခေ·သုခ၊ အသုဘ၊ ပထမ ဒိဋ္ဌိသာ။

၁၅။ အသုဘေ-သုဘ၊ မှတ်သိကြ၊ ပယ်တ တတိယာ။

၁၆။ ဒုက္ခေ·သုခ၊ မှတ်သိကြ၊ စတုတ္ထ ဝိပ္ပလ္လာ။

၁၇။ သီလဗ္ဗတ၊ ဣသစ္စ၊ ဂန္ထ ပထမာ။

၁၈။ ဗျာပါ-ဂန္ထ၊ တတိယ၊ သေသ စတုတ္ထာ။

၁၉။ ဆန်-ဒေါ-မောဟ၊ လေးဘယ၊ ပယ်ကြ ပထမာ။

၂၀။ အာသဝတွင်၊ ဒိဋ္ဌိလျှင်၊ ပယ်ကြဉ် ပထမာ။

၂၁။ ကာမ တတိယ၊ ကြွင်းနှစ်ဝ၊ ပယ်ကြ စတုတ္ထာ။

၂၂။ သြဃ-ယောဂ၊ ပယ်ကြဉ်ကြ၊ တူလှ အာသဝါ။

၂၃။ နီဝရဏတွင်၊ ဝိစိလျှင်၊ ပယ်ကြဉ် ပထမာ။
၂၄။ ကာ,ဗျာ,ကုက်တွင်၊ သုံးမဂ်ကြဉ်၊ ကြွင်းလျှင် စတုတ္ထာ။
၂၅။ ပဍာမာသ၊ ဒိဋ္ဌိရ၊ ပယ်ကြ ပထမာ။
၂၆။ ကာမုပါဒ၊ စတုတ္ထ၊ ကြွင်းက ပထမာ။
၂၇။ ဒိဋ္ဌိ-ဝိစိ၊ နုသယိ၊ ပယ်ဘိ ပထမာ။
၂၈။ ကာမ-ရာဂ၊ ပဋိဃ၊ ပယ်ကြ တတိယာ။
၂၉။ မာန-ဘဝ၊ အဝိဇ္ဇာ၊ ပယ်ကြ စတုတ္ထာ။
၃၀။ ဒေါသမလံ၊ တတိယံ၊ ကြွင်းကျန် စတုတ္ထာ။
၃၁။ ပါဏာတိက၊ စ လေးဝ၊ ပထမ ဒိဋ္ဌိသာ။
၃၂။ ပိသု-ဖရုသ၊ ဗျာပါဒ၊ ပယ်ကြ တတိယာ။
၃၃။ သမ္ဖ-အဘိဇ္ဈာ၊ စတုတ္ထ၊ ကမ္မ ပထမာ။
၃၄။ သမ္ပယုတ်လေးခု၊ ဝိစိစု၊ ပယ်မှု ပထမာ။
၃၅။ ဒွေ ပဋိဃ၊ တတိယ၊ သေသ စတုတ္ထာ။
၃၆။ ဆယ့်နှစ် အကု၊ ပယ်သတ်မှု၊ ပေါင်းစု သိကုန်ရာ။
၃၇။ ဝိသုဒ္ဓိမဂ်၊ ကျမ်းဂန်ထွက်၊ နှစ်သက်ယုံကြည်ပါ။

၃၇-ဝယ်၊ ကဗျာခြယ်၊ ဤဝယ် ပဟာန်ပြီး။

(ပဟာနပဗ္ဗကို ပြဆိုခြင်းပြီး၏။)

တရားထူး သိသူတို့ကို ပြခြင်းအပိုင်း

၁၂-အရိယပဗ္ဗ

၁။ အရိယာမှန်၊ သောတာပန်၊ ~~မှတ်ရန်ကျသို့မ~~ါ။
၂။ ကိုယ်,နှုတ်,စိတ်ဘာ၊ ပြုသမျှ၊ မျှမျဆောင်ခြင်းနာ။
၃။ ကာမ-ရာဂ၊ ဗျာပါဒ၊ ထိန့်မှုသာ။

၇၀ ကျော်

၄။ ဥဒ္ဓစ်ကုစ္စ၊ ဝိကိစ္ဆ၊ နှစ်ခ လောကပါ။
၅။ ခိုက်ရန်ပွားဘိ၊ ငြင်းခုံမိ၊ ပဋိဃဋ္ဌာန်သာ။
၆။ မပယ် မကြည်၊ ကိလေဝင်၊ စိတ်တွင်သိနိုင်ပါ။
၇။ ဤသို့သိမြင်၊ စိတ်ထဲတွင်၊ အစဉ်ငြိမ်းရော။
၈။ သာသနာတွင်း၊ ရှိနိုင်ခြင်း၊ ကွယ်ကင်း ပြင်ပမှာ။
၉။ သောတာရဟန်း၊ အာပတ်ပြွမ်း၊ ငြိမ်းချမ်းလျှင်မြန်စွာ။
၁၀။ မိခင်နွားမ၊ ပမာပြ၊ ကိဋ္ဌမှုအရာ။
၁၁။ တရားနာလျှင်၊ စိတ်ထဲတွင်၊ အစဉ်မြဲသည်သာ။
၁၂။ အတ္တ-ဓမ္မ၊ ပါမောက္ခ၊ ပြည့်ဝ ဉာဏ်ထဲမှာ။
၁၃။ ကောသမ္ဗိယ၊ ကျမ်းဂန်မှ၊ ဗုဒ္ဓဟောသည်သာ။
၁၄။ အရိယာများ၊ ဉာဏ်နည်းပါး၊ ယုံမှားရှိဘတ်ပါ။
၁၅။ သကဒါဂါမိ၊ မဟာနာမ်၊ မှတ်နေ့ဝတ္ထုလာ။
၁၆။ ဗဟု-အပ္ပ၊ နှစ်မျိုးပြ၊ မှတ်ကြအရိယာ။
၁၇။ ရဟန္တာလေးပါး၊ မဂ်ဘုရား၊ ကွဲပြားကြသည်သာ။
၁၈။ ဣန္ဒြေစု၊ ယဉ်ကျေးပြု၊ သိမှုအရိယာ။
၁၉။ တရားမှန်လျှင်၊ မြင်ရုံပင်၊ အစဉ်သိနိုင်ပါ။
၂၀။ မျက်စိမြင်မျှ၊ ဉာဏ်အန္ဓ၊ မုချမသိရာ။
၂၁။ ခေမာ-ကဿပ၊ သာဓက၊ သိကြဝတ္ထုလာ။
၂၂။ အဓိပတေယျ၊ သုံးဌာန၊ ပြုကြမြဲမကွာ။
၂၃။ သောတာပန်အား၊ အင်္ဂါများ၊ လေးပါး ရှိသည်သာ။
၂၄။ ဘုရား-တရား၊ ယုံကြည်ငြား၊ ငါးပါး မြဲဘည်ရာ။
၂၅။ သဟာဓမ္မိ၊ ချစ်ခင်ဘိ၊ နေတ္တိ သုတ်မဟာ။
၂၆။ မဟာဝဂ္ဂ၊ နိဒါန၊ ဖွင့်ပြ တနည်းလာ။
၂၇။ ရတနာသုံးပါး၊ ယုံကြည်ငြား၊ ငါးပါး မြဲသည်သာ။
၂၈။ အရိယာဉာဏ်၊ သောတာပန်၊ အမှန်ရဲရင့်ပါ။

၂၉။ ဈာန်-မဂ်-တရား၊ ရသူများ၊ ပြောကြားကြလေရာ။
၃၀။ အခါအခွင့်၊ကြောင်းကျိုးသင့်၊ထောက်ချင့်ရသည်သာ။
၃၁။ ရဟန်းတော်များ၊ ပြောဆိုငြား၊ ချိုကား သင့်မြတ်ရာ။
၃၂။ မောဂ္ဂလိပုတ္တ၊ သာခက၊ များလှဝတ္ထုလာ။
၃၃။ အရိယာ-လူ၊ ပြောကြားမူ၊ ဖြစ်ဟူကောင်းသည်သာ။
၃၄။ ရွှေအိုးကောက်ရ၊ ပမာပြ၊ ကျမ်းမှသိယုတ္တာ။

၃၄-ဝယ်၊ ကဗျာခြယ်၊ ဤဝယ်ရှိယာပြီး။

(အရိယပဗ္ဗကို ပြဆိုခြင်းပြီး၏။)

တရားသဘော အမျိုးမျိုးကို ပြခြင်းအပိုင်း

၁၃-ပကိဏ္ဏကပဗ္ဗ

၁။ သဘောတရား၊ အစားစား၊ မှတ်သားကြလေပါ။
၂။ လက္ခဏာ-ရသ၊ ပစ္စုပဋ္ဌာန်၊ လေးတန် ပဒဋ္ဌာ။
၃။ ရွှေ သုံးပါးမှ၊ နှစ်ဌာန၊ ယူကြခွဲဝေကာ။
၄။ နာမ ရူပ၊ အရင်းစ၊ ထင်ကြ ရှေ့နည်းမှာ။
၅။ လက္ခဏတ္တယ၊ အရင်းစ၊ ထင်ကြ နောက်နည်းသာ။
၆။ ရှေ့နည်းအရ၊ ပဒဋ္ဌာ၊ ထင်ကြ ပစ္စယာ။
၇။ နောက်နည်းအရ၊ ပဒဋ္ဌာ၊ ထင်ကြ ဥဒယာ။
၈။ သဘာဝဓမ္မ၊ ဖြစ်ပေါ်က၊ ပါကြ လိုသိုသာ။
၉။ သမ္မုဒိပါဠိ၊ သဘောနက်၊ ကျမ်းထွက် သေအချာ။
၁၀။ ပဋိပဒါလေးပါး၊ ကျင့်တရား၊ ခွဲခြားသိလေပါ။
၁၁။ အကျင့်ငြိုငြင်၊ အသိလျှင်၊ နှေးပင် ပဋိပဒာ။
၁၂။ ချမ်းသာကျင့်ရန်၊ သိနှေးပြန်၊ လျင်မြန် တစ်မှာ။

၁၃။ ဥဿုဋ္ဌိ စသား၊ ပုဂ္ဂိုလ်ကား၊ လေးပါးရှိသည်သာ။
၁၄။ ကဏှာ သုက္က၊ ကံလေး၀၊ မှတ်ကြသဘောလာ။
၁၅။ အင်္ဂုတ္တရ၊ ကျမ်းဂန်မှ၊ ဖွင့်ပြအတိတ်သာ။
၁၆။ ဝိသုဒ္ဓိမှန်၊ ပစ္စုပ္ပန်၊ ဖြစ်ရန်အကြောင်းလာ။
၁၇။ ကျမ်းနှစ်စောင်ပြ၊ သဘာဝ၊ ညီမျှကြသည်သာ။
၁၈။ ခုဘဝတွင်၊ တရားဝင်၊ မဂ်လျှင်ရနိုင်ပါ။
၁၉။ သမထကား၊ ဘားနုတ်သား၊ များပြားဝတ္ထုလာ။
၂၀။ သာသနာခေတ်၊ ငါးထောင်နှစ်၊ စင်စစ် မဂ်ရပါ။
၂၁။ ဋ္ဌကထာများ၊ ဝါဒပြား၊ တူငြားသဘောမှာ။
၂၂။ ပါဠိတော်မှ၊ သုဘဒ္ဒ၊ ဖွင့်ပြသေအချာ။
၂၃။ ဘုရားရှင်ချစ်၊ ယခုခေတ်၊ စင်စစ်ရှိသည်သာ။
၂၄။ နိဗ္ဗာနသုတ်၊ အကျဉ်းချုပ်၊ မိန့်ထုတ်ဒေသနာ။

၂၄-ဝယ်၊ ကဗျာခြယ်၊ ဤဝယ် ပကိဏ်းပြီး။

(ပကိဏ္ဏကပဗ္ဗကိုပြ ဆိုခြင်းပြီး၏။)

အားပေးတိုက်တွန်းမှုကို ပြခြင်းအပိုင်း

၁၄-ဥယောဇနပဗ္ဗ

၁။ သာ သနာတွင်၊ ကျွတ်တန်းဝင်၊ အစဉ်ရေတွက်ပါ။
၂။ ကာလသုံးပါး၊ ကျွတ်သူကား၊ များပြားလှသည်သာ။
၃။ သင်္ချေနှစ်ဆယ်၊ လေးခုဆွယ်၊ ခြောက်ဆယ် ကုဋေပါ။
၄။ တသိန်းပိုလ်ခြေ၊ များဝေနေ၊ ကျွတ်လေ သာသနာ။
၅။ အနာဂတ၊ မေတ္တေယျ၊ ဘွင့်ပြ ဋ္ဌကထာ။
၆။ ၂၄-မှန်း၊ ကုခြောက်သန်း၊ သိန်းခဏ်း တနည်းလာ။

၇။ သောတတ္တကီ၊ ဂါထာမည်၊ ပြသည် ကျမ်းဂန်မှာ။
၈။ ထိုအတွင်းမူ၊ ကျွတ်လိုသူ၊ နည်းယူ အားထုတ်ပါ။
၉။ အမွေနှစ်ပါး၊ ယုတ်,မြတ်,ထား၊ ယူခြား အကောင်းသား။
၁၀။ ဓမ္မဒါယ၊ သုတ်၌ပြ၊ မိန့်ဟ ကျမ်းဂန်လာ။
၁၁။ ပုထုဇဉ်ကား၊ နှစ်မျိုးပြား၊ မှတ်သား ကြလေပါ။
၁၂။ အန္ဓဗာလ၊ ကလျာဏ၊ ဟောပြ ဒေသနာ။
၁၃။ ခန္ဓာ စသား၊ မသိခြား၊ မှတ်သား အန္ဓသာ။
၁၄။ ခန္ဓာ စသား၊ သဘောများ၊ သိခြား ကလျာဏာ။
၁၅။ ဘုရားစကား၊ ငြင်းပယ်ခြား၊ မှတ်သား ရန်သူသာ။
၁၆။ ရန်သူဖြစ်ခြား၊ အစားစား၊ ရှောင်ရှား ကင်းဝေးရာ။
၁၇။ ခန္ဓ ဝဂ္ဂ၊ နာဟံစ၊ ဗုဒ္ဓ ဟောခဲ့ပါ။
၁၈။ မဟာပုရိသ၊ ဝိတက္က၊ ကြံဆ နုရုဒ္ဓါ။
၁၉။ စိတ်ကူးကြံဆ၊ သရုပ်ပြ၊ ဌာန ရှစ်ခုသာ။
၂၀။ ခုနစ်ပါး ရောက်၊ ရှစ်ပါး မြှောက်၊ ချီးမြှောက် သမ္ဗုဒ္ဓါ။
၂၁။ အကျယ်မလိုက်၊ အကျဉ်းကြိုက်၊ မဂ်ဆိုက် ဖိုလ်ရောက်ပါ။
၂၂။ အကျယ်လိုက်ခြား၊ ရှင်လူများ၊ ကွာခြား နိဗ္ဗုတာ။
၂၃။ ဘုရားဟောမျှ၊ ကျင့်ကြံက၊ မုချရ မည်သာ။
၂၄။ မာရ်စစ်သည့် ကား၊ ဆယ်တပ် ထား၊ ဖြစ်ပွားစဉ်အလာ။
၂၅။ ကာမာ,ရတိ၊ ခုပ်တန္ဒိ၊ မိဒ္ဓ,ထိ,ဘိရုသာ။
၂၆။ ဝိစိ,ယသ၊ မဂ်ထမ္ဘ၊ က္ကံသ ငမ္ဘနာ။
၂၇။ အရှုံးပေးက၊ ဆင်းရဲရ၊ နိုင်မှ ချမ်းသာရာ။
၂၈။ ပဓာနသုတ်၊ အကျဉ်းချုပ်၊ မိန့်ထုတ်ကျမ်းဂန်လာ။

၂၈-သွယ်၊ ကဗျာခြယ်၊ ဤဝယ် ဥယျောပြီး။

(ဥယျောဇနပဗ္ဗကို ပြဆိုခြင်းပြီး၏။)

သာသနာခေတ်ကို တွက်စစ်၍ပြခြင်းအပိုင်း

၁၅–သာသနာ့ယုဂပဗ္ဗ

၁။ သာသနာ တရား၊ ခေတ်ငါးပါး၊ မှတ်သား ကြလေပါ။
၂။ သဒ္ဒါပုဒ်ရ၊ အနက်ပြ၊ သိကြ သဘောလား။
၃။ ဝိမုတ် သမာဓိ၊ သီလရှိ၊ သုတိ ဒါနသာ။
၄။ သာသနာတွင်း၊ ကြုံရခြင်း၊ မယွင်း မဂ်ရပါ။
၅။ ဝိမုတ္တိခေတ်၊ တွေ့ပြန်လှစ်၊ စင်စစ် မဂ်ရပါ။
၆။ သာသနာခေတ်၊ ဖြစ်တုံလစ်၊ စင်စစ် သိလေပါ။
၇။ သက်တော်ထင်ရှား၊ အခါကား၊ မှတ်သား ဝိမုတ္တာ။
၈။ မှောသောက၊ ခေတ်ကာလ၊ မှတ်ကြ ဓိသမာ။
၉။ ဝဋ္ဋဂါမဏိ၊ လက်ထက်ရှိ၊ မှတ်ဘိ သီလသာ။
၁၀။ ကျစွာမင်းတရား၊ လက်ထက်ကား၊ မှတ်သား သုတပါ။
၁၁။ မင်းတုံးဘုရင်၊ စိုးစံစဉ်၊ ခေါ်တွင် မြတ်ဒါနာ။
၁၂။ ညှိပိုင်းခြား၊ ခေတ်ခါများ၊ ကွဲပြား သိအပ်စွာ။
၁၃။ သုတ,ယုဂ၊ ခေတ်အရ၊ မှတ်ကြ ရှင်းလင်းစွာ။
၁၄။ ပုဒ်စ ပုဒ်ဆုံး၊ အများသုံး၊ ခေါ်ထုံး ပြုကြပါ။
၁၅။ ကျစွာအစ၊ မောင်းထောင်မှ၊ ဆုံးရ သုတမှာ။
၁၆။ ဝိမုတ္တိရ၊ သဘာဝ၊ မှတ်ကြ နှိုင်းယှဉ်ကာ။
၁၇။ ပုဂ္ဂလာဓိဋ္ဌာန်၊ ယူမသန်၊ မြဲမြဲ ဓမ္မသာ။
၁၈။ ယုဂငါးပါး၊ သဘောများ၊ ပိုင်းခြား သိအပ်စွာ။
၁၉။ မသိသောသူ၊ အားထုတ်မှု၊ နိဗ္ဗူ ဝေးလို့ကွာ။
၂၀။ ဆင်ကာဏ်း တောတိုး၊ သဘောမျိုး၊ အကျိုးနဲကြမှာ။
၂၁။ အလုပ်ကာလ၊ မသိက၊ ရမ်းဆ ပြုတတ်ပါ။
၂၂။ မိုဃ်းခါလွန်မှ၊ ထွန်ကိုချ၊ တူလှ ဥပမာ။

၂၃။ ယုဂ တရား၊ သဘောများ၊ ခွဲခြား နှစ်မျိုးလာ။
၂၄။ မုချပရိယာယ်၊ နားမလယ်၊ တကယ် မှားတတ်ပါ။
၂၅။ ရဟန်းနှင့် လူ၊ ခွဲခြားယူ၊ မကူ သဘောမှာ။
၂၆။ သာသနာ့ တခေါင်၊ ဓိပ္ပါယ်ဆောင်၊ သိအောင် မှတ်လေပါ။

၂၆-ဝယ်၊ ကဗျာခြယ်၊ ဤဝယ် ယုဂပြီး။

(သာသနာ့ယုဂပဗ္ဗကို ပြဆိုခြင်းပြီး၏။)

ကျမ်းပြီးအဆုံးကို ပြခြင်းအပိုင်း

၁၆-နိဂမပဗ္ဗ

၁။ လုံးစုံသိမ်းထုပ်၊ နိဂုမ်းအုပ်၊ အချုပ် မှတ်လေပါ။
၂။ မဂ်ဖိုလ်လိုချင်၊ များလူ့ရှင်၊ ရှုမြင် ဤကျမ်းမှာ။
၃။ ဒေသနာကျမ်း၊ ကျင့်စဉ်လမ်း၊ ဖြောင့်တန်း သဘောလာ။
၄။ တိမ့်ရှိ နက်တယ်၊ ကျဉ်းရှိကျယ်၊ တကယ် ဤကျမ်းမှာ။
၅။ လွယ်ရှိ ခက်တယ်၊ ကျင့်နိုင်ဘွယ်၊ တကယ် မှတ်လေပါ။
၆။ ရှု့ကုဋေလောက်၊ သဒ္ဒါပေါက်၊ ဘယောက် ရှု့ခဲ့စွာ။
၇။ အာဠဝိပြည်၊ ယက်ကန်းသည်၊ နည်းမှီ ဘုလာ။
၈။ ဤကျမ်းအရ၊ မရှင်းလျှ၊ မေးက ဖြေမည်သာ။
၉။ မဂ်ဖိုလ်တရား၊ ခုခေတ်များ၊ ထင်ရှားရနိုင်ပါ။
၁၀။ မယုံကြည်မှု၊ စမ်းကြည့်သူ၊ လွယ်ကူ သိရမှာ။
၁၁။ ကိုယ်တိုင်ဒိဋ္ဌ၊ ကျင့်ပြီးမှ၊ ရေးပြ ဤကျမ်းစာ။
၁၂။ ဤကျမ်းဥကား၊ အကျဉ်းထား၊ မှတ်သားသိစေငှါ။

၁၃။ ပိဋကတ်သုံးပုံ၊ အကျဉ်းခြုံ၊ နှုတ်ငုံသူတို့မှာ။
၁၄။ အကျယ်လိုလား၊ ရှင့်လူများ၊ မေးငြား သိနိုင်ပါ။
၁၅။ ထောင့်နှစ်ရာ ညွှန်း၊ ၄၀-ထွန်း၊ အစွန်း ၆-ခုသာ။
၁၆။ ဤသည့် ခုနှစ်၊ သက္ကရာဇ်၊ ဘွားလစ် ကျမ်းဆရာ။
၁၇။ တောင်ငူနယ်ဆုံး၊စိုင်ပြောက်ကုန်း၊ ခေါ်သုံး ဇာတိရွာ။
၁၈။ ကမာရွတ် ဂါမ၊ ဥယျာန၊ နယ်က ရန်ကုန်ပါ။
၁၉။ သာသနာ့မာရ်အောင်၊ ကဗျည်းဆောင်၊ အခေါင် တိုက်
ဝိဟာ။
၂၀။ ကမ္မဋ္ဌာန်းတရား၊ တပည့်များ၊ ဟောကြား ညွှန်ပြပါ။
၂၁။ ဦး မှာ အစ၊ လယ် ဝရ၊ အန္တ ကိတ္တိသာ။
၂၂။ အထက်ပါဠိ၊ အနက်ရှိ၊ ခေါ်၏ မည်သညာ။
၂၃။ တစ်, နှစ်, ကိုး, လေး၊ အစဉ်ပေး၊ ကျမ်းရေး နှင့်
ကောဇာ။
၂၄။ ဝါကျွတ်,လပြည့်၊ ပူးမင်းနေ့၊ စုံစေ့ ဤကျမ်းစာ။
၂၅။ သတ္တဝါများ၊ ချမ်းသာပွား၊ ရငြား နိဗ္ဗုတာ။
၂၆။ ဝိပဿနာ ကမ္မဋ္ဌာန်း၊ လက်စွဲကျမ်း၊ ဆုံးခန်း နိဋ္ဌိတာ။

နှစ်ဆယ့်ခြောက်သွယ်၊ ကဗျာခြယ်၊ ဤဝယ် နိဂုံးပြီး။

၄၄၀၊ ထဗျာခြယ်၊ ဤဝယ် သံပေါက်ပြီး။

(ဝိပဿနာကမ္မဋ္ဌာန်းလက်စွဲကျမ်း သံပေါက်လင်္ကာပြီး၏။)

ဝိပဿနာ စာတမ်း

●

သမ္မပ္ပဓာန်လေးပါး အဓိပ္ပါယ်

အနုပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ၊
အနုပ္ပါဒါယ ဝါယာမော။

(ဤသို့စသော ပါဠိတော်အရ)

၁။ မဖြစ်ဘူးသေးကုန်သော အကုသိုလ်တရားတို့ကို၊ မဖြစ်စေခြင်းငှာ အားထုတ်ခြင်း။

၂။ ဖြစ်ပြီးကုန်သော အကုသိုလ်တရားတို့ကို၊ ပယ်ဖျောက်ခြင်းငှာ အားထုတ်ခြင်း။

၃။ မဖြစ်ဘူးသေးကုန်သော ကုသိုလ်တရားတို့ကို၊ ဖြစ်စေခြင်းငှာ အားထုတ်ခြင်း။

၄။ ဖြစ်လာကုန်ပြီးသော ကုသိုလ်တရားတို့ကို၊ ပွါးများစေခြင်းငှာ အားထုတ်ခြင်း။

ဤသို့လျှင် သမ္မပ္ပဓာန်တရားတို့သည် ၄-ပါးအပြားရှိကုန်၏။ ထို သမ္မပ္ပဓာန်တရား ၄-ပါးတို့နှင့် ညီညွတ်မှသာလျှင် ဝိပဿနာကမ္မဋ္ဌာန်းတရားဟူ၍ မှတ်သားယုံကြည်သင့်လှပေသည်။

၎င်းသမ္မပ္ပဓာန် အင်္ဂါလေးပါးအရ၊ အကုသိုလ်တရားကို ကုသိုလ်တရားဖြင့် ပိတ်ဆို့ရမည်ဟု ဓမ္မပဒပါဠိတော်၌ ဟောင်ပြသဖြင့်၊ ကုသိုလ်တရားတို့တွင် ဒါန, သီလ, သမထ ခေါ်သော ကုသိုလ်တရားမျိုးဖြင့်၊ မဖြစ်သေးသေးသော အကုသိုလ်တရားကို မဖြစ်နိုင်ရန်။ ဖြစ်ပြီးသော အကုသိုလ်တရားကို ပျောက်ပျက်စေနိုင်ရန် မပြုလုပ်နိုင်ကြပေ။

အဘယ့်ကြောင့်နည်းဟူမူ၊ အသဒိသ ဒါနရှင်ဖြစ်သော မလ္လိကာမိဘုရားကြီး ငရဲသို့လားရခြင်း၊ သီလစင်ကြယ်သော တိဿရဟန်းကြီး သန်းပြိတ္တာဖြစ်ရခြင်း၊ သမထအစွမ်းဖြင့် စျာန်အဘိညာဉ် ရသော ဒေဝဒတ်သည် အဝီစိငရဲကြီးသို့လားရခြင်း စသည်တို့ကြောင့် ဖြစ်လေတော့သည်။

တဘန် မဖြစ်ဘူးသေးသောကုသိုလ်တရားကိုဖြစ်နိုင်ရန်၊ ဖြစ်ပြီးသောကုသိုလ်တရားကို တိုးပွားစေနိုင်ရန် ပြုလုပ်နိုင်ရန်မှာ၊ နောက်က ပြဆိုခဲ့သော ဒါန,သီလ, သမထကုသိုလ်တို့တွင်၊ ဒါန,သီလကုသိုလ်မျိုးကို မဆိုထားဘိ၊ သမထတရား စျာန်အဘိညာဉ်ကိုပင်ရ၍၊ မြင်မြင်သမျှသော သတ္တဝါတိုင်း၊ အနည်းဆုံး တကမ္ဘာတွင် တဘဝမျှ ပြဟ္မာကြီး ဖြစ်ဘူးကြသည်ဟု- ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဘုရားပြတော်၏။

ထို့ကြောင့် ဝိပဿနာကုသိုလ်တရားမှသာလျှင် မဖြစ်ဘူးသေးသော ကုသိုလ်တရားတိုးပွားစေနိုင်ခြင်း၊ မဖြစ်ဘူးသေးသော အကုသိုလ်တရားကိုမဖြစ်စေခြင်း၊ ဖြစ်ပြီးသောအကုသိုလ်တရားတို့ကို ပယ်နိုင် ပျောက်စေနိုင်ခြင်းကြောင့်၊ လွန်ကြူး ထူးကဲသော တရားဟု ယုံကြည်စွာ မှတ်သားသင့်လှပေတော့သတည်း။

သီလအမိပ္ပါယ်ကို ပြဆိုချက်

သီလဟူသည် အကုသိုလ်ဒုစရိုက်စုကိုရှောင်ကြဉ်မှုဖြစ်၏။ ၎င်းရှောင်ကြဉ်မှုကိုပင် ပါဠိတော်၌ ဝိရတီဟုဆို၏၊ ဝိရတီသည်လည်း၊ သမ္မာဒါန,သမ္ပတ္တ,သမုစ္ဆေဒ ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဆောက်တည်ဝန်ခံ၍ ရှောင်ကြဉ်မှုသည်၊ သမာဒါနဝိရတီမည်၏။ အာရုံကျရောက်မှ ဝိပဿနာဉာဏ်ဖြင့် ရှောင်ကြဉ်မှုသည်၊ သမ္ပတ္တဝိရတီမည်၏။ မဂ်ဉာဏ်ဖြင့် ရှောင်ကြဉ်မှုသည်၊ သမုစ္ဆေဒဝိရတီမည်၏။

ထို့ပြင်- **ပါတိမောက္ခ သံဝရသီလ၊ ဣန္ဒြိယ သံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ-ဟူ၍** ၄-ပါးအပြားရှိ၏။

ထိုသီလ ၄-ပါးတို့တွင်၊ ကိုယ်နှုတ်ဖြင့် မကောင်းမှုဒုစရိုက်ကို စောင့်ရှောက်မှုသည် ပါတိမောက္ခသံဝရမည်၏။ စိတ်ဖြင့် စောင့်ရှောက်မှုသည် ဣန္ဒြိယသံဝရ, ပစ္စယသန္နိဿိတမည်၏။ ဒုစရိုက်မှ စင်ကြယ်သော အစားအစာ အသုံးအဆောင်တို့ကို မှီဝဲမှုသည် အာဇီဝပါရိသုဒ္ဓိမည်၏။

ဤသို့ ပြဆိုခဲ့သော သီလများနှင့် စပ်လျဉ်း၍ အကျယ်သိမှတ်ရန်မှာ-

သီလန္တိ-သမာဒါနံ သီလံ, ဝိရတိ သီလံ, သံဝရော သီလံ, အဝီတိက္ကမော သီလံ။

သီလန္တိ၊ သီလ-ဟူသည်ကား။ သမာဒါနံ၊ ကောင်းစွာ ခံယူဆောက်တည်ခြင်းသည်။ သီလံ၊ သီလမည်၏။ ဝိရတိ၊ ရှောင်ကြဉ်ခြင်းသည်လည်း။ သီလံ၊ သီလမည်၏။ သံဝရော၊ စောင့်ရှောက်ခြင်းသည်လည်း။ သီလံ၊ သီလမည်၏။ အဝီတိက္ကမော၊ မလွန်ကျူးခြင်းသည်လည်း။ သီလံ၊ သီလမည်၏။ ဤသို့စသည်ဖြင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဘွင့်ပြတော်မူခဲ့ပေသည်။

ထိုအဋ္ဌကထာစကားအရ၊ သီလနှင့် စပ်လျဉ်း၍ လိုရင်းပဓာနဖြစ်သော သဘာဝအချက်ကိုသာ ယူဆပါလျှင်၊ ခံယူဆောက်တည်ခြင်း သမာဒါနနှင့် ကိုယ်နှုတ်ဖြင့်စောင့်ရှောက်ခြင်း ပါတိမောက္ခသံဝရသီလမျိုးမှာ လုံခြုံလျှင်လည်း ကောင်းမွန်စင်ကြယ်၍၊ မလုံခြုံသော်လည်း ဝိပဿနာ၏ အန္တရာယ် မဖြစ်နိုင်သဖြင့် မုချသီလမျိုး မဟုတ်ပေ။ သို့သော် ရဟန်းတော်များနှင့် မစပ်ယှက်ဘဲ လူတို့အတွက်မျှသာဖြစ်ဟု မှတ်အပ်ပေ၏။

သို့ဖြစ်သောကြောင့် အာရုံကျရောက်ဆဲ၌၊ လောဘ, ဒေါသ, မောဟ,စသော ကိလေသာတို့ မဝင်နိုင်ရန် ရှောင်ကြဉ်ခြင်း၊စောင့်ရှောက်ခြင်းဟူသော သမ္ပတ္တဝိရတီနှင့် ဣန္ဒြိယသံဝရသီလ စသည်တို့ လုံခြုံမှုကိုသာ ဝိပဿနာအရာ၌မှုချလိုရင်းဟု နှလုံးသွင်းမှတ်ယူအပ်လှပေ၏။ ဤအချက်၌ ဘုရားရှင်လက်ထက်က ခိုးသားငါးရာနှင့် အင်္ဂုလိမာလ စသောဝတ္ထုများကို ထောက်ထားပါလျှင်၊လွန်စွာပင် ထင်ရှားလှပေတော့သည်။

စဉ်းစားရန်အချက်မှာ။ သီလနှင့် ပတ်သက်၍ ရဟန်းသာမဏေများအတွက်၌ ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး, ဟူသော ပစ္စည်းလေးပါးကိုဆင်ခြင်ခြင်သည့် ပစ္စယသန္နိဿိတသီလမှာ အတွင်းဝင်ပြီးဟု မှတ်သားအပ်၏။ ဤအဓိပ္ပါယ်အရကို ပစ္စယသန္နိဿိတသီလသည် ပညတ်ကို ဆင်ခြင်၍၊ဣန္ဒြိယသံဝရဟူသော ဝိပဿနာမှာ ပရမတ်ကို ဆင်ခြင် ရှုမှတ်သဖြင့်၊ သင်္ဘောနှင့် ကူးသန်းသူမှာ ပခုန်းထမ်း၍ ရောင်းဝယ်ရန်မလိုဟု မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့ပေသတည်း။

သမာဓိကို ပြဆိုချက်

သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော
ဘိက္ခဝေ ယထာဘူတံ၊ ဇာနာတိ ပဿတိ။

ဘိက္ခဝေ၊ရဟန်းတို့။ သမာဓိံ၊သမာဓိကို။ ဘာဝေထ၊ ပွားစေလို၏။ ဘိက္ခဝေ၊ ရဟန်တို့။ သမာဟိတော၊ စိတ်တည်ကြည်သောသူအား။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ ဇာနာတိ၊ သိ၏။ ပဿတိ၊ မြင်၏။

ဤသို့လာသော ပါဠိတော်အရ သမာဓိကို ယူဆသော်၊ သမထ ဘက်ဆိုင်ရာ ဥပစာရ သမာဓိ, အပ္ပနာ သမာဓိမျိုးကို မယူဘဲ၊ ဝိပဿနာဘက်ဆိုင်ရာ ခဏိကသမာဓိမျိုးကိုယူရသည်ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ပြဆိုညွှန်ကြားတော်မူခဲ့ပေ၏။

ထို့ကြောင့် နိဗ္ဗာန်သွားလမ်း ကမ္မဋ္ဌာန်းကို သမထယာနိက, ဝိပဿနာယာနိက ဟူ၍ နှစ်မျိုးပင် ညွှန်ပြလေရာ၊ ဤ စာတမ်း သည်ကား၊ ဝိပဿနာ ယာနိကလမ်းဖြစ်၍၊ သမထယာနိက နည်း လမ်းအရကို မပြမဆိုတော့ပေ။ အဘယ့်ကြောင့်နည်းဟူမူ၊ သမထ ယာနိကလမ်းသည် ပင်ပန်းကြာမြင့်၍၊ ဝိပဿနာ ယာနိကလမ်း သည် ချမ်းသာ လျင်မြန်သောလမ်း ဖြစ်သောကြောင့်တည်း။

သဘောမှာမူကား၊ သမထဘက် ဆိုင်ရာ သမာဓိရှိ၍၊ ပရမတ် ကို မသိမမြင်၊ ဝိပဿနာဘက်ဆိုင်ရာ သမာဓိရှိမှ ပရမတ်ကို သိမြင် ၍၊ သဘာဝဖြစ်ဆဲ ရုပ်နာမ်ကို ဝိပဿနာဉာဏ်ဖြင့် ရှုမတ်သော ပညာနှင့် မကွေမကွာ ဖြစ်ပေါ်ပါလာရသော ခဏိကခေါ်သည့် သမာဓိတရားကိုသာ ဤအရာ၌ ဆိုလိုရင်းဖြစ်ပေ၍၊ သဘော နှစ် သက်သည်ကိုသာ လိုက်နာကျင့်ကြံသင့်လှ ပေတော့သတည်း။

ပညာကို ပြဆိုချက်

ဉာဏဉ္စ ယထာသဘာဝံ ဇာနာတိ ပဋိဝိဇ္ဈတီတိ ဉာဏံ။

ဉာဏဉ္စ၊ ဉာဏ်ဟူသည်ကား။ ယထာသဘာဝံ၊ ဟုတ်မှန်သော လက္ခဏာကို။ ဇာနာတိ ပဋိဝိဇ္ဈတိ၊ ထိုးထွင်းဘောက်ခွဲ၍ သိတတ် ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။

ဤသို့ လာရှိသော ဋီကာအရ၊ ပညာခေါ်သောဉာဏ်သည်၊ **သုတမယ, စိန္တာမယ, ဘာဝနာမယ** ဟူ၍ ၃-ပါးရှိသည်တွင်၊

နိဗ္ဗာန်သို့ သွားလမ်းဖြစ်သည့် ဝိပဿနာ ကမ္မဋ္ဌာန်း အရာသည်၊ ပရိယတ္တိကျမ်းဂန်ကို သင်အံတတ်မြောက်ခြင်း သုတမယဉာဏ်မျိုး၊ ထိုပရိယတ် ကျမ်းဂန် ဒေသနာဉာဏ်ဖြင့် တွေးတောကြံဆခြင်း စိန္တာမယ ဉာဏ်မျိုး နှင့် မဆိုင်လှသည်ကို (ပေါဋ္ဋိလ) မထေရ် စသော ဝတ္ထုများကို ထောက်ထားပါက ထင်ရှားစွာ သိသာလှပေတော့သည်။

ထို ပရိယတ် ကျမ်းဂန်ကိုပင် နားမလည်သော်လည်း၊ သတိပဋ္ဌာန်ပါဠိတော် စသည်တို့၌ လာသည့်အတိုင်း၊ ဣရိယာပထ ပဗ္ဗ စသည်ဖြင့် သင့်တင့်ဖြောင့်မှန်သော နည်းလမ်းအရ ဆရာဆိုဆုံးမှသည်ကို ယုံကြည်ရိုသေစွာနှင့် လိုက်နာ ရှုမှတ်သော ဝိပဿနာ ကမ္မဋ္ဌာန်းဖြင့်၊ အလိုလို သူ့သဘောအတိုင်း ဖြစ်သည့် ရုပ်နာမ်အစုံကို အသိဉာဏ်ထင်ရုံ ရှုမှတ်သော ဘာဝနာမယ ဉာဏ်အစွမ်းဖြင့်၊ ကြိုးပမ်း အားထုတ်မှ ရုပ်နာမ်နှင့် ဒုက္ခချုပ်ငြိမ်းသည့် ဝိမုတ် နိဗ္ဗာန်ကို အမှန်သိမြင်နိုင်ပေ၏။ ဤနေရာ၌ ပဏ္ဍိတသာမဏေ၊ သုခ သာမဏေ စသော ဝတ္ထုများကို ထောက်ထားပါက လွန်စွာမှ သိသာထင်ရှားလှပေတော့သည်။

ကိလေသာမီးကို ပြဆိုချက်

ကိလေသာမီး ဟူသည်၊ ဥရုဝေဠကဿပ စသော ရှင်တထောင်တို့ကို မီးလောင်ခြင်း၊ မီးငြိမ်းခြင်းဖြင့် ကိလေသာနှင့် ပရိယာယ် ပမာဆောင် ပြ၍ ဟောကြားတော်မူသော အာဒိတ္တပရိယာယ သုတ်ဖြင့် သိသင့်ပေ၏။ ၎င်းသုတ်၌ သတ္တဝါတို့ သန္တာန်တွင် ကိလေသာမီးတို့သည် အမြဲအစဉ် တောက်လောင်နေကြောင်းကို ဟောတော်မူ၏။

ဤသို့ မီးဥပမာပြသော ကိလေသာတို့သည် အကျယ်အားဖြင့် တထောင့်ငါးရာ၊ အလတ်အားဖြင့် တရာ့ရှစ်ပါး၊ တရားကိုယ်အားဖြင့် ဆယ်ပါး၊ မူလအားဖြင့် သုံးပါးဟု ရှိလေရာ၊ ၎င်းလောဘ၊ ဒေါသ၊ မောဟ ဟူသော ကိလေသာ မူလသုံးပါးတွင်ပင်၊ တပါးတပါး၌ **ဝီတိက္ကမ, ပရိယုဋ္ဌာန, အနုသယ**-ဟု သုံးပါးစီ သုံးပါးစီ အပြားရှိပေ၏။

ထိုကိလေသာ သုံးပါးတို့တွင်၊ သူ့အသက်သတ်ခြင်း စသော ကာယကံ, ဝစီကံတို့ဖြင့် လွန်ကျူးမှုသည်—ဝီတိက္ကမ ကိလေသာမည်၏။ သူ့အသက်သတ်ခြင်း စသည်ကို စိတ်ဖြင့် ကြံစည်မှုသည်-ပရိယုဋ္ဌာန ကိလေသာမည်၏။ နာမ်, ရုပ်ဖြစ်သည်တွင် အစဉ် ကိန်းဝပ်ပါလာသော သဘောစုသည်-အနုသယ ကိလေသာမည်၏။

ယခု ပြဆိုခဲ့သော ကိလေသာ တို့တွင် အမြဲ လောင်သော ကိလေသာမီး - ဟူသည် အနုသယဖြစ်၏။ အဘယ့်ကြောင့်နည်းဟူမူ၊ ဝီတိက္ကမ ကိလေသာနှင့် ပရိယုဋ္ဌာန ကိလေသာတို့သည် ပုဂ္ဂိုလ်တိုင်း အမြဲအစဉ် လောင်သည်မဟုတ်၊ ရံခါမျှသာ ဖြစ်ပေါ်လာသော ကိလေသာတို့ ဖြစ်သောကြောင့် ပေတည်း။

တဖန် ၎င်းကိလေသာတို့ကို သာမည အနေအားဖြင့် ပယ်သတ်သောတရားတို့သည် ဝီတိက္ကမကို သီလဖြင့်သတ်၍၊ ပရိယုဋ္ဌာနကို သမာဓိဖြင့် သတ်၍၊ အနုသယကို ဝိပဿနာပညာဖြင့် သတ်နိုင်သည်ဟု ခွဲခြား၍ပြဆိုလေရာ၊ အချုပ်သဘောမှာမူကား၊ ဝီတိက္ကမကိုသာ သတ်လျှင် ပရိယုဋ္ဌာန်နှင့် အနုသယ မငြိမ်း၊ ဝီတိက္ကမနှင့် ပရိယုဋ္ဌာန်ကိုသာ သတ်လျှင်လည်း အနုသယမငြိမ်း၊ အနုသယကို သတ်မှသာလျှင် ဝီတိက္ကမ, ပရိယုဋ္ဌာန်ပါ ငြိမ်းနိုင်လေတော့သည်။

ထို့ကြောင့် ပုဂ္ဂိုလ်တိုင်းတို့၏ သန္တာန်၌ အမြဲအစဉ် လောင်နေသော မီးကို ငြိမ်းသတ်ကြဟု အာဒိတ္တပရိယာယ သုတ်၊ အာဒိ

ညေယျသုတ်တို့ဖြင့် ရှင်တထောင်တို့အား ဟောကြားတော်မူသည်-
မှာ၊အနုသယ မီးလောင်ပုံ, အနုသယမီး ငြိမ်းသတ်ပုံ တို့ကိုသာ
လိုရင်း ပဓာနဟု မုချပင် မှတ်ယူယုံကြည် သင့်လှပေ၏။ တဘာန်
ဤသုတ်များ၏ အဓိပ္ပါယ်အရဖြင့်၊ ဓမ္မပဒပါဠိတော်၌ လာရှိသော-
သစ်ပင်သတ်ပုံ ဥပမာ၌၊ အဖျားကိုဖြတ်ခြင်း၊ အပင်ကို ဖြတ်ခြင်း၊
ရေသောက်မြစ်ကို ဖြတ်ခြင်း သုံးမျိုးနှင့် ကိလေသာ သုံးပါးသတ်-
သည်များကို ပြသဖြင့် ထင်ရှားစွာ သိသင့်လှပေတော့သည်။

—————

မီးလောင်ပုံ ငြိမ်းပုံကို ပြဆိုချက်

ရုပ်,နာမ် ဖြစ်တိုင်း အနုသယ ကိလေသာ မီးလောင်ပုံမှာ၊
မျက်စိဖြင့် အဆင်းကို မြင်သောအခိုက်၊ မျက်စိနှင့် အဆင်းသည်-
ရုပ်၊မြင်သော စက္ခုဝိညာဏ်သည်-နာမ်ဖြစ်၏။ ၎င်း ရုပ်,နာမ် ဖြစ်-
ရာ၌၊ တွေ့ခြင်း-ဖဿ၊ ခံစားခြင်း-ဝေဒနာ ဟူသော ဖဿပဉ္စမက-
တရားငါးပါးတို့ မြင်သောတချက်၌ တပြိုင်နက် ပါဝင် ပြီးစီးကြ-
လေ၏။

ဤသို့လျှင် မျက်စိဖြင့် အဆင်းကိုမြင်သောအခါ၊ ဣဋ္ဌာရုံ ဖြစ်
လျှင် ပကတိသော ပုဂ္ဂိုလ်တို့၏ စိတ်တွင် သာယာခြင်း သဘော-
ဖြစ်၏။ ၎င်း သာယာခြင်းသည် အနုသယ လောဘဖြစ်၏၊ သုခ-
ဝေဒနာဖြစ်၏။ အနိဋ္ဌာရုံဖြစ်လျှင် ပကတိသော ပုဂ္ဂိုလ်တို့စိတ်တွင်
မသာယာခြင်း သဘောဖြစ်၏။ ၎င်းမသာယာခြင်းသည် အနုသယ-
ဒေါသဖြစ်၏၊ ဒုက္ခဝေဒနာဖြစ်၏။ ၎င်း သဘောမျိုးကိုပင် အနု-
သယ ကိလေသာမီးလောင်သည်ဟု ခေါ်ဆိုရပေ၏။

ထိုကဲ့သို့ မီးလောင်ရာ၌ မြင်သောအခိုက်တွင် မျက်စိ,အဆင်း,
မြင်ခြင်း, အတွေ့, ခံစားခြင်း ဟူသော-ဖဿပဉ္စမက တရားငါးပါး

တို့ တပြိုင်နက် ဖြစ်၍၊ ၎င်း ငါးပါးလုံးကိုပင်လျှင် တပြိုင်နက် တချက်တည်း အနုသယ ကိလေသာမီး တောက်လောင်သည်ဟု၊ အာဒိတ္တပရိယာယသုတ်၌ မြတ်စွာဘုရား ဟောကြားတော်မူ၏။

အထူးမှာ အာဒိတ္တပရိယာယသုတ်၌ မူလခေါ်သည့် ကိလေသာမီး သုံးပါးတွင်၊ အနုသယ ကိလေသာမီး သုံးပါးကို ဝေဒနာ သုံးပါးနှင့် ယှဉ်၍၊ အာရုံ, ဒွါရ, ဝိညာဏ်, ဖဿ, ဝေဒနာတို့ကို ခြောက်ပါးစီ ဝေဘန်၍ ဟောတော်မူ၏။ ထို့ကြောင့် မျက်စိနှင့် စပ်၍ မီးလောင်ပုံကို ပြသဖြင့်၊ ကြွင်းသော နား,နှာခေါင်း,လျှာ, ကိုယ်, စိတ်တို့နှင့် စပ်သော မီးလောင်ပုံ များကိုလည်း မှတ်သား သိရှိသင့်လှပေတော့သည်။

ရုပ်,နာမ်ဖြစ်တိုင်း အနုသယ ကိလေသာမီး ငြိမ်းပုံမှာ၊ မျက်စိ ဖြင့် အဆင်းကိုမြင်သောအခါ၊ မျက်စိကို-သိ၊ အဆင်းကို-သိ၊ မြင် တာကို-သိ၊အတွေ့ကို-သိ၊ခံစားရာ ဝေဒနာကို သိ-ဟု အဘိညေယျ သုတ်၌ ဟောတော်မူရာ၊ တခုစီခွဲခြားကာ ငါးပါးလုံး သိရမည် ကဲ့သို့ အဓိပ္ပါယ်လာပေ၏။

သဘော အချုပ်မှာ မူကား၊ သတိပဋ္ဌာန် ပါဠိတော်၌ ကာယာနုပဿနာ အရ၊ သွားလျှင် သွားကာမျှကို သိအောင် သွားတယ် မှတ်။

ဝေဒနာ နုပဿနာအရ၊ ချမ်းသာ, ဆင်းရဲထင်လျှင်၊ ချမ်း သာကာမျှ, ဆင်းရဲကာမျှကို သိအောင်၊ ချမ်းသာတယ်, ဆင်းရဲ တယ် မှတ်။

စိတ္တာ နုပဿနာအရ၊ နှစ်သက်လျှင် နှစ်သက်ကာမျှကို သိ အောင် နှစ်သက်တယ် မှယ်။

ဓမ္မာနု ပဿနာ အရ၊မမြဲမှုထင်လျှင် မမြဲကာမျှကို သိအောင် မမြဲမှတ်။ (ဤသို့ စသည်ဖြင့် ဟောတော်မူ၏။)

ဥဒါန်းပါဠိတော် ဗာဟိယသုတ်၌ကား၊ **ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ**-စသည်ဖြင့် ဟောတော်မူရာ။ သဘောမှာမူကား၊ မြင်သောအခိုက်၌ မြင်ကာမျှကို သိအောင် မြင်တယ်ဟု အမှတ်ပြုရမည်ဟုဆိုလို၏။ ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု ဖြစ်သောအခါတို့၌လည်း၊ ကြားတယ်, နံတယ်, စားတယ်, ထိတယ်, သိတယ်ဟု အမှတ်ပြုရလေတော့သည်။

အဓိပ္ပါယ်ကား၊ မြင်သော အခိုက်၌ မြင်တယ်ဟု မှတ်လျှင်၊ အာရုံကပင် ဣဋ္ဌဖြစ်သော်လည်း၊ စိတ်၌ ဣဋ္ဌမထင်၍ သာယာခြင်းလောဘ သုခဝေဒနာမဖြစ်၊ အာရုံကပင် အနိဋ္ဌ ဖြစ်သော်လည်း၊ စိတ်၌ အနိဋ္ဌမထင်၍ မသာယာခြင်း ဒေါသ ဒုက္ခဝေဒနာ မဖြစ်၊ ပရမတ် ရုပ်, နာမ် ဖြစ်သော သဘောမှန် ကေန် သိတတ်သည့် အမောဟ ပညာ ဝိပဿနာဉာဏ် ဖြစ်၍၊ အနုသယကိလေသာ မီးသုံးပါး ငြိမ်းသည်မည်၏။ ဉာဏသမ္ပယုတ် ဖြစ်သော ဥပေက္ခာဝေဒနာ၏ သဘောပေတည်း။

ပဋိစ္စသမုပ္ပါဒ်ကို ပြဆိုချက်

အတိတေ ဟေတဝေါ ပဉ္စ၊ ဤသို့စသောအဘိဓမ္မာလက်သန်းအဋ္ဌကထာစကားအရ၊ ပဋိစ္စသမုပ္ပါဒ် အလာကို ရှေးအခါ ရေးသားကြရာ၊သရုပ်သချ်ာဖြင့် ဒေသနာနည်းသာများ၍ ဉာဏ်နုသူတို့အား၊ ဝိပဿနာတရား၌ ကွဲပြား နားလည်သူ နည်းကြပေ၏။ ထို့ကြောင့် သဘောသွားကိုသာ အကျဉ်းအားဖြင့် ယောဂီပုဂ္ဂိုလ်များ မှတ်သား အားထုတ်ကြရန် ဉာဏ်မှီသမျှ အမြွက်လောက် ပြပေအံ့။

ပဋိစ္စသမုပ္ပါဒ် ဟူသည်၊ အကြောင်းကြောင့် အကျိုး ဖြစ်၍ အစဉ်မပြတ် ဆက်စပ်နေခြင်း ပေတည်း။ သဘောမှာ ဝိပဿနာ ဉာဏ် မရှိသောစိတ်၌၊ ပဋိစ္စသမုပ္ပါဒ် စက်လည်၍ ဝိပဿနာဉာဏ် ပါသောစိတ်၌ ပဋိသမုပ္ပါဒ်စက် ပြတ်သည် မည်၏။

စက်လည်ပုံမှာ၊ စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ၊ စက္ခုဝိညာဏံ- စသော ဝိဘင်းပါဠိတော်အရ၊ မြင်သောအခိုက် မျက်စိ, အဆင်း, မြင်ခြင်း, အတွေ့, ခံစားခြင်းဝေဒနာ-ဟူသော ပစ္စုပ္ပန် အကျိုး ငါးပါး တပြိုင်နက် ဖြစ်၍၊ ဝေဒနာပစ္စယာ တဏှာ- စသောအရ၊ တဏှာ, ဥပါဒါန်, ကံ, အဝိဇ္ဇာ, သင်္ခါရ-ဟူသော ပစ္စုပ္ပန် အကြောင်းငါးပါး ဖြစ်၏။

တဖန် ပစ္စုပ္ပန်အကြောင်းဖြစ်က၊ အနာဂတ် အကျိုး ဖြစ်ပြန်၏။ ဤကဲ့သို့ အကြောင်း,အကျိုး အဆက်မပြတ် ဖြစ်ခြင်းကို၊ ပဋိစ္စသမုပ္ပါဒ် စက်လည်သည်ဟု မှတ်သားအပ်ပေ၏။

စက်ပြတ်ပုံမှာ၊ မြင်သော အခိုက် မြင်တယ်ဟု မှတ်သော ဝိပဿနာဉာဏ်ပါလျှင်၊အကျိုးငါးပါးပင် ဖြစ်သော်လည်း၊အဆုံး ဖြစ်သော အကျိုးဝေဒနာ၌၊ သုခဝေဒနာ,ဒုက္ခဝေဒနာတို့ မဖြစ်ဘဲ၊ ဉာဏ်ယှဉ်သော ဥပေက္ခာ ဝေဒနာဖြစ်၏။

ရင်းဉာဏ်ယှဉ်သော ဥပေက္ခာဝေဒနာ ဖြစ်ခိုက်၊ သုခ ဒုက္ခ ဥပေက္ခာ-ဟူသော၊လောဘ ဒေါသ မောဟ-သုံးပါးတို့ မဖြစ်ဘဲ ချုပ်နေသဖြင့်၊ ဝေဒနာ နိရောဓာ တဏှာ နိရောဓော-စသော ဝိဘင်းပါဠိတော်အရ ယခုပစ္စုပ္ပန်၌ အကြောင်းချုပ်၍၊ နောင် အနာဂတ်၌ အကျိုးမဖြစ်ခြင်းကိုပင်လျှင်၊ ပဋိစ္စသမုပ္ပါဒ် စက် ပြတ်သည်ဟု ယုံကြည်အပ်လှပေတော့သည်။

အထူးမှာ—ဉာဏ်ယှဉ်သော ဥပေက္ခာ ဝေဒနာဆိုရာ၌၊ သခ်ါ ရုပေက္ခာသဘောဖြင့် သိသင့်ပေ၏။ တဘန်—နောက်ကပြခဲ့သော ဝိပဿနာ ပညာနှင့် ယှဉ်၍ မြင်ခိုက်ကို သိသကဲ့သို့၊ ကြားခိုက်၊ နံခိုက်၊ စားခိုက်၊ ထိခိုက်၊ သိခိုက်တို့၌လည်း သဘောဉာဏ်ကြီး ကြ၍ အကျယ်နည်းကိုပါ သိမြင်သင့်လှပေတော့သတည်း။

ဝီထိစိတ်ကို ပြဆိုချက်

ဝီထိစိတ်ဖြစ်ပုံကိုလည်း ရှေးဆရာကြီးတို့ အသီးသီး ရေးသား ရာ၊ ဒေသနာနည်းသာ များပြား၍၊ ဉာဏ်နုသူတို့အား ဝိပဿနာ တရားဘက်၌ နားလည်သူ နည်းပါးကြပေ၏။ ထို့ကြောင့် သဘော သွားကိုသာ အကျဉ်းအားဖြင့် ယောဂီပုဂ္ဂိုလ်များ မှတ်သား အားထုတ်ကြရန် ဉာဏ်မှီသမျှ အမြွက်လောက်ပြပေအံ့။

ဝီထိသည်–**စက္ခုဒွါရဝီထိ၊ သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၊ ကာယဒွါရဝီထိ၊ မနောဒွါရဝီထိ**-ဟူ၍ ဖြစ်စဉ် အားဖြင့် ခြောက်ပါးရှိ၏။ တဘန်·**မောဃဝါရ၊ ပေါင်ဗ္ဗနဝါရ၊ ဇဝနဝါရ၊ တဒါလမ္ဗဏဝါရ**-ဟူ၍ အကြိမ်အားဖြင့် လေးပါး ရှိ၏။

ထိုဝီထိတို့တွင်၊ တခုတခုသောဝီထိ၌ အကြိမ်အားဖြင့် လေးမျိုး ရှိလေရာ။ ဝီထိစိတ်မဖြစ်ဘဲ ဘဝင်မျှနှင့် ရပ်ခြင်းသည် မောဃ ဝါရမည်၏။ ဝုဋ္ဌောသို့ ရောက်သော ဝီထိအကြိမ်သည် ဝေါဋ္ဌဗ္ဗန ဝါရမည်၏။ ဇောသို့ ရောက်သော ဝီထိအကြိမ်သည် ဇဝနဝါရ မည်၏။ တဒါရုံသို့ ရောက်သော ဝီထိအကြိမ်သည် တဒါလမ္ဗဏ ဝါရမည်၏။

ငါးဝါရလေးမျိုးတို့တွင်၊ ဝိထိစိတ်ဖြစ်သော သုံးဝါရအနက်၊ စက္ခုဒွါရဝိထိ၌ မြင်သောအခိုက် **အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော-ဇော၊ တဒါရုံ-တဒါရုံ** ဟူ၍ ဝိထိစိတ် **အစုံ** သုံးဝါရအကုန် ဖြစ်ပုံကိုသိ**အပ်၏**။

ဤဝါရသုံးပါးတို့တွင်၊ ဝိပဿနာဉာဏ်မပါသော ဝိထိစိတ်၌၊ ဇော တဒါရုံဟူသော **ဇဝနဝါရ** တဒါလမ္ဗဏ ဝါရသို့ရောက်၍ လောကီကုသိုလ်ဇော အကုသိုလ်ဇောတို့ကျ၍ နောင် အကျိုးပေး ရန် အကြောင်းဟူသော ကံဖြစ်၏။

ထို ဝါရသုံးပါးတို့တွင်၊ မြင်သောအခိုက် မြင်တယ်ဟု မှတ်သော ဝိပဿနာဉာဏ် ပါသည့် ဝိထိစိတ်၌၊ ဇော-တဒါရုံဟူသော ဇဝနဝါရ၊ တဒါလမ္ဗဏဝါရသို့ မရောက်ဘဲ၊ ဝေါဋ္ဌဗ္ဗနဝါရ၌သာ ရပ်သဖြင့်၊ ကံဟူသော အကြောင်း ပြတ်သည်ဟု မှတ်အပ်လေ တော့သည်။

အထူးမှာ ဤနေရာ၌၊ ယောဂီပုဂ္ဂိုလ်အား ဇော မဖြစ်နိုင်ပြီ လောဟု စောဒနာငြားအံ့။ " **ဝိပါက်အမှန်-ဇောအပြန်** " ဟူ သည်ကို၎င်း၊ ဘင်္ဂဉာဏ်၏ သဘောကို၎င်း နှီးနှော ထောက်ဆပါ လျှင်၊ တရံဘခါတွင် ဇောပင် ကျသော်လည်း မပြောပလောက် သော အဗ္ဗောဟာရိကဖြစ်ခြင်း အကျိုးပေးရန်ကင်းခြင်းကြောင့် သျှဉ်းပါးမေးရန်ပင် မသင့်လေတော့သတည်း။

ကံလေးပါးကို ပြဆိုချက်

အထက်ပါ ဝီထိဇောအရ၊ ပုံပြင်သည်ဟုဆိုကြသောကံတို့သည်၊ **၁-ကဏှကံ၊ ၂-သုက္ကကံ၊ ၃-ကဏှသုက္ကကံ၊ ၄-အကဏှ-အသုက္ကကံ**ဟူ၍ လေးပါးအပြားရှိ၏။ ထို ကံလေးပါးတို့တွင် အကုသိုလ်

တရားစုသည်-ကဏှကံမည်၏။ဒါန,သီလ,သမထဟူသော လောကီကုသိုလ် တရားစုသည်-သုက္ကကံမည်၏။ ၎င်းအကုသိုလ်နှင့် ကုသိုလ်ရောသော တရားစုသည်-ကဏှသုက္ကကံ မည်၏။ ဘာဝနာမယဟူသော ဝိပဿနာကုသိုလ် တရားစုသည် အကဏှ-အသုက္ကကံမည်၏။

သဘောအချုပ်မှာမူကား၊ဤကံလေးပါး၏ အဓိပ္ပါယ်အနက်သွားကို ရှင်းလင်းစွာ သဘောထားမိ ပါလျှင်၊ နောက်က ပြဆိုခဲ့သော ဝိပဿနာစာတမ်း၌ပါရှိသည့် အယူအဆများကို၊ဝိပဿနာအကျင့်တရားတွင် ပဋိစ္စသမုပ္ပါဒ်နှင့် ဝီထိဇောဝါရအစဉ်ဖြင့်၊သတိသမ္ပဇဉ် အမြဲယှဉ်လျက် ဟုတ်မှန်တိုင်း သိမြင်သင့်လှပေသတည်း။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါစ ရတ္တောစ၊ နိစ္စံ ကာယဂတာ သတိ။

ယေသံ၊ အကြင်ပုဂ္ဂိုလ်တို့အား။ ဒိဝါစ၊နေ့၌၎င်း။ ရတ္တောစ၊ညဉ့်၌၎င်း။ နိစ္စံ၊ အမြဲ။ ကာယဂတာ၊ သမထနည်းအားဖြင့်။ ဆံ, အမွေးစသော အစုကိုမှီ၍ ဖြစ်သော ဝိပဿနာ နည်း အား ဖြင့်၊ သွားမှု,ရပ်မှုစသော အမူအရာသဘောကို မှီ၍ဖြစ်သော။ သတိ၊ မှတ်ခြင်းသတိသည်။ အတ္ထိ၊ ရှိ၏။ ဂေါတမသာဝကာ၊ ဂေါတမနွယ်ဘွား ဘုရားရှင်၏ တပည့် ဖြစ်ကုန်သော။ တေ၊ ထိုပုဂ္ဂိုလ်တို့သည်။ သဒါ၊ အခါခပ်သိမ်း။ သုပ္ပဗုဒ္ဓံ၊ ကောင်းစွာ နိုးခြင်းကို။ ပဗုဇ္ဈန္တိ၊ နိုးကြရလေကုန်သတည်း။

ဤသို့ ဓမ္မပဒပါဠိတော် သဟာဿဝဂ် ဒါရုသာကဋိကပုတ္တဝတ္ထုအရ၊ သတိပဋ္ဌာန ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ် ပါလျှင်၊ လောကုတ္တရာအကျိုးမျှမက လောကီကျိုးကိုလည်းမုချရနိုင်သဖြင့်

သင့်တင့်သော ယောနိသောကို မနော၌ အစဉ်ထားပြီး ပွားများရှုမှတ်သင့်လှပေတော့သတည်း။

စဉ်းစားဆင်ခြင်ကြရန် အထူးသတိပေးချက်

ယခုအခါတွင်၊ ကမ္မဋ္ဌာန်း စကားနှင့် စပ်၍ ပြောဆိုကြလျှင်၊ အချို့အရပ်၌ အချို့သောပုဂ္ဂိုလ်တို့သည် အောက်၌ ဖေါ်ပြထားသောအတိုင်း ယူဆမှတ်သားတတ်ကြလေသည်။

၁-ကမ္မဋ္ဌာန်းတရားသည် စာတတ်မှဖြစ်၏။ ၂-သီလလုံပြီးမှဖြစ်၏။ ၃-အယွယ်ကြီးမှဖြစ်၏။ ၄-လူမနိုးသော တောကြီးထဲမှာမှ ဖြစ်၏။ ၅-အိုးအိမ် သားမယားနှင့် အလုပ်အကိုင်များကို စွန့်ပယ်မှ ဖြစ်၏။ ၆-ထိတ်လန့်ရူးသွပ်တတ်၏။ ၇-ညောင်းညာထုံကျင်ချိန်နှဲ့သော ရောဂါဖြစ်တတ်၏။ ၈-လူတို့၏ အလုပ်မဟုတ်၊ ရဟန်းတို့၏ အလုပ်သာဖြစ်၏။ ၉-ယခုအခါ ကမ္မဋ္ဌာန်းနည်း အလိမ်နှင့် ကမ္မဋ္ဌာန်းဆရာလိမ်တို့သာ ရှိ၏။ ၁၀-မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်သော အခါ မဟုတ်။ ၁၁-အားထုတ် သော်လည်း ပါရမီပြည့်သော တိဟိတ်ပုဂ္ဂိုလ်မှ ရနိုင်၏။ ၁၂-ယခုအခါ ပါရမီမပြည့်သော ဒွိဟိတ်ပုဂ္ဂိုလ်တို့သာ ဖြစ်ကြ၏။ ဤသို့ စသည်ဖြင့် အလွဲအမှားစကားတို့ကိုသာ ပြောကြားတတ်ကြ လေ၏။ ။ထိုကဲ့သို့ ပြောသော စကားကိုသာ ကြားနားမှတ်သားဘူးသော ဗဟုသုတနည်းပါးသည့် ပုဂ္ဂိုလ်များမှာ၊ဟုတ်မှန်ရာ၏ဟု ယုံကြည်မိသဖြင့် ရသင့်ရထိုက်သော မဂ်ဖိုလ်နိဗ္ဗာန်တရားမှန်မှ ဧကန်ဆုံးရှုံးနစ်နာကြလေတော့သည်။

ယခုကဲ့သို့ အပေါင်းမှား၍ ပျက်ပြားဆုံးရှုံးနေသော သူတော်ကောင်းပုဂ္ဂိုလ်အများတို့ အမှန်ကို သိရှိမှတ်သားပြီး လိုက်စားအားထုတ်နိုင်ကြစေခြင်းငှါ၊ အောက်၌ ဖေါ်ပြသော အဓိပ္ပါယ်သဘောသွားတို့ကို အမြဲနှလုံးသွင်းထားသင့်လှပေတော့သည်။

ဤ {**ဝိပဿနာ လက်စွဲကျမ်း**} ငယ်၌ ရေးသားထားသော အဓိပ္ပါယ်နည်းလမ်းအရကိုကျနစွာယုံကြည်အားထုတ်ကြပါလျှင်၊ ၁-စာမတတ်သူလည်း ကမ္မဋ္ဌာန်းတရားဖြစ်နိုင်၏။ ၂-သိလမလုံသေး သူလည်းဖြစ်နိုင်၏။ ၃-အရွယ်ငယ်သောသူလည်းဖြစ်နိုင်၏၊ ၄-လူနီးသော မြို့ရွာအလယ် အိမ်ဇရပ်များ၌လည်း ဖြစ်နိုင်၏။ ၅-အိုးအိမ်သားမယား အလုပ်အကိုင် ပစ္စည်းများကို မပယ်ရှားသော်လည်း ဖြစ်နိုင်၏။ ၆-မကြောက်မရွံ့ ရဲဝံ့ခြင်းများဖြစ်လာ၏။ ၇-ညောင်းညာခြင်းစသော ရောဂါမဖြစ်ဘဲ ကျန်းမာသန့်စွမ်းခြင်း တိုးတက်လာ၏။ ၈-လူ့ရဟန်းမရွေး အပါယ်ဘေး လွတ်မြောက်၍ နိဗ္ဗာန်သို့ ရောက်နိုင်၏။ ၉-ယခုအခါသည် {**သာသနာ့ ယုဂ**} ငါးပါးတွင်၊ ဝိမုတ္တိယုဂခေတ် ဖြစ်၍၊ ကမ္မဋ္ဌာန်း နည်းလမ်းမှန် ကမ္မဋ္ဌာန်းဆရာမှန်တို့ရှိ နေကြပေ၏။ ၁၀-သာသနာခေတ် အနှစ်(၅၀၀၀) အတွင်းသည် မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်သောအခါ ဖြစ်၏။ ၁၁-ပါရမီပြည့်စုံသော်လည်း နည်းလမ်းမှန်ကို အားမထုတ်လျှင် မရနိုင်ပေ။ ၁၂-တိဟိတ်၌ နိယတ အနိယတ နှစ်မျိုးရှိရာ၊ နိယတဖြစ်မှု မုချရနိုင်၍၊ အနိယတမှာ ဆရာကောင်းနှင့် တွေ့မှ ရနိုင်သဖြင့်၊ ဆရာများနှင့် တွေ့လျှင် မရလုံးလုံး ဆုံးရှုံးနစ်နာလေ၏။ ၁၃-ပါရမီနှင့်ဟိတ်သဘောမှာ မြတ်စွာဘုရားမှသာ ပကတိ အနေဖြင့် သိနိုင်၍၊ အားထုတ်စမ်းကြည့်လျှင်လည်း ကိုယ်တိုင်ပင် သိရှိနိုင်၏။ သမထကမ္မဋ္ဌာန်း၌ ပဋိဘာဂ နိမိတ်ထင်ခြင်း၊ ဝိပဿနာ ကမ္မဋ္ဌာန်း၌ ဥဒယဗ္ဗယဉာဏ် မြင်ခြင်းသည် တိဟိတ်ပုဂ္ဂိုလ်ဖြစ်၏၊ ဒွိဟိတ်ဖြစ်သည်ဟု ထင်လျှင် နောက်ဘဝ၌ တိဟိတ်ဖြစ်ရန်၊ ဝိပဿနာ သမ္မသနဉာဏ်သို့ ရောက်အောင် အမြန်ပင် အရေးကြီးစွာ အားထုတ်သင့်ပေ၏။ တရားကို အားမထုတ်ဘဲ ဗူးသီး-ခရမ်းသီးတို့ အလိုလိုရင့်သကဲ့သို့ ဒွိဟိတ်အဖြစ်မှ တိဟိတ်အဖြစ်သို့ အလိုလို ပေါ်ပေါက်

လာသော တရားမျိုး မဟုတ်သည်ကို ယုံကြည်စွာ မှတ်သားသိရှိသင့်လှပေသတည်း။

{**မှာထားချက်**}ယခုဖေါ်ပြခဲ့သော စဉ်းစားရန် အချက်များမှာ အမြွက်မျှဖြစ်၍၊ အခြား-အကြားများ၊ အမှတ်များ၊အယူများ၊ အကျင့်များသော အချက်တို့လည်း များစွာပင် ရှိနေသေး၍၊ဤမျှဖေါ်ပြသော အချက်ဖြင့် ဤကျမ်း၌ ပါရှိသော အဓိပ္ပါယ်အရ၊ မှန်ရာသို့ ရောက်ရန် ယူဆနိုင်သောဉာဏ် ထက်သန်ယုံကြည်ကြလိမ့်မည်ဟု မှတ်သားတွေးထင်မိပေ၏။

တဘန်—ဤလက်စွဲ ကျမ်းငယ်၌ ပါရှိသော အဓိပ္ပါယ်ကို ရေလည်စွာကြည့်ရှုလျက် မှန်ရာကို သတိမပြုနိုင်ခဲ့သော်၊ ၎င်းကျမ်း၏ အာဘော်ကို အကျယ်ဘွင့်ပြသော ကျမ်းကြီးများကို ကြည့်ခဲ့သော် သင့်လျော်သော နည်းလမ်းမှန်ကို ကောန်ပင် သိရှိနိုင်ကြမည်ဖြစ်ပါသတည်း။

ဝိပဿနာစာတမ်း ပြီး၏။

မင်းကွန်း
ဝိပဿနာဒီပနီကျမ်း ၇-ကျောင်

နိဗ္ဗာန်လမ်းညွှန် ဒေသနာ

●

ဝနံ ဆိန္ဒထ မာ ရုက္ခံ၊ ဝနတော ဇာယတေ ဘယံ။
ဆေတွာ ဝနံ ဝနထဉ္စ၊ နိဗ္ဗာနာ ဟောထ ဘိက္ခဝေါ။

(ဓမ္မပဒ ပါဠိတော်။)

ဘိက္ခဝေါ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ ဝနံ၊ တဏှာ တည်းဟူသော တောကို။ ဆိန္ဒထ၊ ဖြတ်ကြကုန်လော။ ရုက္ခံ၊ သစ်ပင်တည်းဟူသော တောကို။ မာ ဆိန္ဒထ၊ မဖြတ်ကြပါကုန်သင့်။ ဝနတော၊ တဏှာ တည်းဟူသော တောမှ။ ဘယံ၊ ဘေးသည်။ ဇာယတေ၊ ဖြစ်ပေါ်လာ၏။ ဝနဉ္စ၊ တဏှာတည်းဟူသော တောကိုလည်း။ ဝနထဉ္စ၊ တဏှာ၏တည်ရာ အာရုံ ၆-ပါး တရားတည်းဟူသော တောအုပ်ကိုလည်း။ ဆေတွာ၊ ညက်ညက်နုတ်နုတ် ဖြတ်ခုတ်ပယ်ချ၍။ နိဗ္ဗာနာ၊ တဏှာကင်းငြိမ်းကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော။

တဏှာတည်း ဟူသော တောကိုဖြတ်၊ သစ်ပင်တည်းဟူသော တောကို မဖြတ်နဲ့၊ တဏှာတည်းဟူသော တောက ဘေးဖြစ်၏။ သစ်ပင်တည်းဟူသော တောက ဘေးမဖြစ်။

တဏှာတည်း ဟူသော တောက အဘယ်ဘေး ဖြစ်ပေါ်ပါသလဲလို့ ဆိုတော့၊ တဏှာတည်းဟူသော တောက ပဋိသန္ဓေနေရတဲ့ ဇာတိဘေး၊ အိုရတဲ့ ဇရာဘေး၊ နာရတဲ့ ဗျာဓိဘေး၊ သေရတဲ့ မရဏဘေး၊ စိုးရိမ်ရတဲ့ သောကဘေး၊ ငိုကြွေးရတဲ့ ပရိဒေဝဘေး၊ ကိုယ်ဆင်းရဲတဲ့ ဒုက္ခဘေး၊ စိတ်ဆင်းရဲတဲ့ ဒေါမနဿဘေး၊ စိတ်ပူလောင်

ပျင်ပန်းတဲ့ ဥပါယာသဘေး၊ အကုသိုလ် ကာယကံဘေး၊ ဝစီကံဘေး၊ မနောကံဘေး၊ အပါယ်ဘေး ဖြစ်ပေါ်လာ၏။ ။ဤသို့ ဘေးဖြစ်ပေါ်သောကြောင့် ဘေးမဖြစ် မပေါ်နိုင်ရန်၊ တဏှာ တည်းဟူသော တောကိုဖြတ်၊ သစ်ပင်တည်းဟူသော တောကို မဖြတ်နဲ့လို့ ဆိုပါတယ်။

ဘေးဖြစ်ပေါ်ရာ ဖြတ်ရဘို့ တဏှာက ၆-ပါးရှိ၏။ ၆-ပါးဆိုတာက၊ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ-ဟု ၆-ပါးရှိ၏။

တဏှာ၏တည်ရာ အာရုံ ၆-ပါးဆိုတာက

ရူပတဏှာ၏တည်ရာ အဆင်း။
သဒ္ဒတဏှာ၏တည်ရာ အသံ။
ဂန္ဓတဏှာ၏တည်ရာ အနံ့။
ရသတဏှာ၏တည်ရာ အရသာ။
ဖောဋ္ဌဗ္ဗတဏှာ၏တည်ရာ အတွေ့။
ဓမ္မတဏှာ၏တည်ရာ သဘော။

ဤတဏှာ၏တည်ရာအာရုံ ၆-ပါး တရားက-တောအုပ်။တဏှာ ၆-ပါး တရားကတော့-တော။ တောနှင့် တောအုပ်ကို ခုတ်ဖြတ်ပယ်ချပြီးတော့ တဏှာကင်းကြ၊ တဏှာငြိမ်းကြလို့ဆိုလိုပါတယ်။

"တောနှင့် တောအုပ်ကို ခုတ်ဖြတ်ပယ်ချ၍၊ တဏှာကင်းကြ၊ တဏှာငြိမ်းကြ"ဆိုတဲ့ အဓိပ္ပါယ်က၊ ကိလေသာဟူသမျှ ပဟာနေကဋ္ဌအားဖြင့် ပယ်လျှင်လဲ အတူ၊ သဟဇေကဋ္ဌအားဖြင့် ဖြစ်လျှင်လဲအတူ၊ တဏှာကို ယူသဖြင့် ကိလေသာ ဟူသမျှ အကုန်ရ၏။ ရသောကိလေသာ အကျဉ်းအားဖြင့် ၁၀-ပါး၊အကျယ်အားဖြင့် (၁၅၀၀) တထောင့်ငါးရာ ရှိသော်လည်း အချင်း မူလအားဖြင့်

လောဘ ကိလေသာ၊ ဒေါသ ကိလေသာ၊ မောဟ ကိလေသာ ၃-ပါး ရှိ၏။

လောဘကိလေသာလဲ မေ့တဲ့သဘော၊ မမေ့နဲ့။ ဒေါသကိလေသာလဲ မေ့တဲ့သဘော၊ မမေ့နဲ့။ မောဟ ကိလေသာလဲ မေ့တဲ့သဘော၊ မမေ့နဲ့။ မမေ့လျှင် သတိထင်၏။ သတိထင်လျှင် ထင်တိုင်း-ထင်တိုင်း အသိဉာဏ်ရင့်၊ အသိဉာဏ် ရင့်တိုင်း-ရင့်တိုင်း ဝိပဿနာ နေပက္ကပညာ။ အဲသည်လို မမေ့မလျော့ ထင်သောသတိနှင့်၊ အသိဉာဏ် ရင့်ကျက်သော ဝိပဿနာ နေပက္ကပညာ ၂-ပါး ပါရတော့၊ ပေါ်လာတိုင်း ပေါ်လာတိုင်း အာရုံမှာ၊ သမာဓိ ဘာဝနာမည်သော ဝိပဿနာစိတ် တည်နေ၏။ သမာဓိဘာဝနာ ဝိပဿနာစိတ် တည်သောသူမှသာလျှင် ဟုတ်တိုင်းမှန်စွာ သိနိုင်လေ၏။

ထို့ကြောင့်—

သမာဓိံ ဘိက္ခဝေ ဘာဝေထ အပ္ပမတ္တော နိပကော သတော။

သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။

(သဠာယတနသံယုတ်ပါဠိတော်၊ နေတ္တိပါဠိတော်။)

ဘိက္ခဝေ၊ ရဟန်းတို့။ အပ္ပမတ္တော၊ မမေ့မလျော့။ သတော၊ ထင်သောသတိ ရှိသည်ဖြစ်၍။ နိပကော၊ ရင့်ကျက်သော အသိဉာဏ် ရှိသည်ဖြစ်၍။ အဟံ၊ ငါဘုရားသည်။ သမာဓိံ၊ စိတ်တည်ခြင်းကို။ ဘာဝေထ၊ ပွားစေလို၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ သမာဟိတော၊ စိတ်တည်သော။ ဘိက္ခု၊ ရဟန်းသည်။ ယထာဘူတံ၊ ဟုတ်မှန်တိုင်း။ ပဇာနာတိ၊ သိ၏။

ဟုတ်တိုင်းမှန်စွာ သိသောသူမှသာလျှင် တောအုပ်ကိုခုတ်ဖြတ်၏၊ တောအုပ်ကိုခုတ်ဖြတ်သော သူမှသာလျှင် တောကိုပယ်ချ၏၊ တောကို ပယ်ချသောသူမှသာလျှင် တဏှာကင်းငြိမ်း၏။ တဏှာကင်းငြိမ်းဆိုတာက **နိရောဓသစ္စာ**ကို မျက်မှောက် ပြုသည်ဟု– မြတ်စွာဘုရားက ဟောတော်မူ၏။ တောကိုပယ်ချဆိုတာက **သမုဒယသစ္စာ**ကို ပယ်သည်ဟု - မြတ်စွာဘုရားက ဟောတော်မူ၏။ တောအုပ်ကို ခုတ်ဖြတ်ဆိုတာက **ဒုက္ခသစ္စာ**ကို ပိုင်းခြားသည်ဟု မြတ်စွာဘုရားက ဟောတော်မူ၏။ ဟုတ်တိုင်းမှန်စွာသိ ဆိုတာက- **မဂ္ဂသစ္စာ**ကို ပွားသည်ဟု မြတ်စွာဘုရားက ဟောတော်မူ၏။

အဲသည်လို ဒုက္ခသစ္စာကို ပိုင်းခြားခြင်းကိစ္စ, သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ, မဂ္ဂသစ္စာကို ပွားခြင်းကိစ္စဆိုတဲ့ မဂ်ကိစ္စ ၄-ချက် တပြိုင်နက်တချက်တည်း ပြီးစီးတို့ရာ၊ တဏှာကင်းကြ, တဏှာ ငြိမ်းကြအောင်၊ တောနှင့် တောအုပ်ကို ဘယ်လိုခုတ်ဖြတ် ပယ်ချပါသလဲ၊ တောနှင့် တောအုပ်ကို ခုတ်ဖြတ် ပယ်ချရအောင် ဟုတ်တိုင်းမှန်စွာ အဘယ်လို သိရပါသလဲ့သို့ ဆိုဘော့၊ ပြောဟောလတ့်သော ဒေသနာနည်းဖြင့် အပြီးတိုင်အောင် သိရပါလိမ့်မယ်။

ထို့ကြောင့်–

> ကိဥ္စ ယထာဘူတံ၊ ပဇာနာတိ။ စက္ခုံ အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ။ ရူပါ အနိစ္စာတိ ယထာဘူတံ ပဇာနာတိ။ စက္ခုဝိညာဏံ အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ။စက္ခုသမ္ဖဿော အနိစ္စောတိ ယထာဘူတံ ပဇာနာတိ။ ယမိဒံ စက္ခုသမ္ဖဿ ပစ္စယာ

တွေ့တဲ့သဘော၊ ဝေဒနာက ခံစားတဲ့သဘော၊ အဲသည်လို မျက်စိက-ကြည်၊ အဆင်းက-ထင်၊ စက္ခုဝိညာဏ်က-မြင်၊ ဖဿက-တွေ့။ ဝေဒနာက-ခံစား၊ ဤ ၅-ပါး ပေါင်းဆုံမိတဲ့ ကာလကို မြင်သောခဏလို့ ဆိုလိုပါတယ်။

သို့ဖြစ်၍ **မြင်သောခဏ၊ မြင်-မြင်တယ်** လို့မှတ်လျှင်၊ မြင်-ကုန်တယ်လို့ ထင်သောသူမှာ၊ မျက်စိလဲ မမြဲ၊ အဆင်းလဲ မမြဲ၊ မြင်တာလဲ မမြဲ၊ တွေ့တာလဲ မမြဲ၊ ခံစားတာလဲ မမြဲဟု ဟုတ်တိုင်း မှန်စွာ သိတာဘဲလို့ မြတ်စွာဘုရားက ဟောတော်မူတယ်။

အနိစ္စတော မနသိကရောတော ခယတော သမ္ပါရ ဥပဋ္ဌဟန္တိ။

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

အနိစ္စတော၊ မမြဲဟု။ မနသိကရောတော၊ နှလုံးသွင်းမိသောသူအား။ ခယတော၊ ကုန်၏ဟု။ သမ္ပါရာ၊ ရုပ်,နာမ်,ခန္ဓာ,သင်္ခါရတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။

အနိစ္စဘဲ မမြဲဟု နှလုံးသွင်းသော သူ၏ စိတ် အသိအမြင်မှာ၊ အာရုံပြုမိတဲ့ ရုပ်,နာမ်,ခန္ဓာ,သင်္ခါရ ကုန်တာဘဲလို့ထင်ရုံမျှဖြစ်၏။ အနိစ္စမမြဲဟု နှလုံးသွင်းမှု ထပ်မံ၍ ပြုရတော့သည် မဟုတ်ပါ၊ ကုန်တာဘဲလို့ ထင်ကတဲက အနိစ္စဘဲ မမြဲတဲ့ အနေ ဟုတ်တိုင်းပင် သိပေသည်လို့ ဆိုရပါတယ်။

ကြားသောခဏ ဆိုတာက၊ နားက ကြည်တဲ့သဘော၊ အသံက ထင်တဲ့သဘော၊ သောတဝိညာဏ်က ကြားတဲ့သဘော၊ ဖဿက တွေ့တဲ့သဘော၊ ဝေဒနာက ခံစားတဲ့ သဘော၊ အဲသည်လို နားက-ကြည်၊ အသံက-ထင်၊ သောတဝိညာဏ်က-ကြား၊ ဖဿက-

တွေ့၊ ဝေဒနာက-ခံစား၊ ဤ ၅-ပါး ပေါင်းဆုံမိတဲ့ ကာလကို ကြားသောခဏလို့ ဆိုလိုပါတယ်။

သို့ဖြစ်၍ **ကြားသော ခဏ၊ ကြား — ကြားတယ်**လို့ မှတ်လျှင်၊ ကြားကုန်တာဘဲလို့ ထင်သောသူမှာ၊ နားလဲ မမြဲ၊ အသံလဲ မမြဲ၊ ကြားတာလဲ မမြဲ၊ တွေ့တာလဲ မမြဲ၊ ခံစားတာလဲ မမြဲဟု ဟုတ်တိုင်း မှန်စွာ သိတာဘဲလို့ မြတ်စွာဘုရားက ဟောတော်မူတယ်။

နံသောခဏ ဆိုတာက၊ နှာခေါင်းက ကြည်တဲ့ သဘော၊ အနံ့က ထင်တဲ့သဘော၊ ဃာနဝိညာဏ်က နံတဲ့သဘော၊ ဖဿက တွေ့တဲ့ သဘော၊ ဝေဒနာက ခံစားတဲ့ သဘော၊ အဲသည်လို နှာခေါင်းက-ကြည်၊ အနံ့က-ထင်၊ ဃာနဝိညာဏ်က-နံ၊ ဖဿက-တွေ့၊ ဝေဒနာက-ခံစား၊ ဤ ၅-ပါးပေါင်းဆုံမိတဲ့ကာလကို နံသောခဏလို့ ဆိုလိုပါတယ်။

သို့ဖြစ်၍ **နံသောခဏ၊ နံ — နံတယ်**လို့ မှတ်လျှင်၊ နံကုန်တယ်လို့ထင်သောသူမှာ၊ နှာခေါင်းလဲ မမြဲ၊ အနံ့လဲ မမြဲ၊ နံတာလဲ မမြဲ၊ တွေ့တာလဲ မမြဲ၊ ခံစားတာလဲ မမြဲဟု ဟုတ်တိုင်းမှန်စွာသိတာဘဲလို့ မြတ်စွာဘုရားက ဟောတော်မူတယ်။

စားသောခဏ ဆိုတာက၊ လျှာက ကြည်တဲ့ သဘော၊ အရသာက-ထင်တဲ့ သဘော၊ ဇိဝှါဝိညာဏ်က စားတဲ့ သဘော၊ ဖဿက တွေ့တဲ့သဘော၊ ဝေဒနာက ခံစားတဲ့သဘော၊ အဲသည်လို လျှာက-ကြည်၊ အရသာက-ထင်၊ ဇိဝှါဝိညာဏ်က-စား၊ ဖဿက-တွေ့၊ ဝေဒနာက-ခံစား၊ ဤ ၅-ပါး ပေါင်းဆုံမိတဲ့ကာလကို စားသော ခဏလို့ ဆိုလိုပါတယ်။

သို့ဖြစ်၍ **စားသော ခဏ၊ စား — စားတယ်**လို့ မှတ်လျှင် စားကုန်တာဘဲလို့ ထင်သောသူမှာ လျှာလဲ မမြဲ၊ အရသာလဲ မမြဲ၊

စားတာလဲ မမြဲ၊တွေ့တာလဲ မမြဲ၊ခံစားတာလဲ မမြဲဟု ဟုတ်တိုင်းမှန်စွာ သိတာဘဲလို့ မြတ်စွာဘုရားက ဟောတော်မူဘယ်။

ထိသောခဏ ဆိုတာက၊ ကိုယ်က ကြည်တဲ့သဘော၊အတွေ့က ထင်တဲ့သဘော၊ ကာယဝိညာဏ်က ထိတဲ့သဘော၊ ဖဿက တွေ့တဲ့သဘော၊ဝေဒနာက-ခံစားတဲ့သဘော၊အဲသည်လို ကိုယ်က-ကြည်၊ အတွေ့က-ထင်၊ ကာယဝိညာဏ်က-ထိ၊ ဖဿက-တွေ့၊ ဝေဒနာက-ခံစား၊ဤ၅-ပါး ပေါင်းဆုံမိတဲ့ကာလကို ထိသောခဏလို့ ဆိုလိုပါတယ်။

သို့ဖြစ်၍ **ထိသောခဏ၊ ထိ—ထိတယ်**လို့ မှတ်လျှင်၊ ထိကုန်တယ်လို့ ထင်သောသူမှာ၊ ကိုယ်လဲ မမြဲ၊ အတွေ့လဲမမြဲ၊ ထိတာလဲ မမြဲ၊တွေ့တာလဲ မမြဲ၊ ခံစားတာလဲ မမြဲဟု ဟုတ်တိုင်းမှန်စွာ သိတာဘဲလို့ မြတ်စွာဘုရားက ဟောတော်မူတယ်။

သိသောခဏ ဆိုတာက၊ နှလုံးက ကြည်တဲ့ သဘော၊ သဘောက ထင်တဲ့ သဘော၊ မနောဝိညာဏ်က သိတဲ့ သဘော၊ ဖဿက တွေ့တဲ့သဘော၊ ဝေဒနာက ခံစားတဲ့သဘော၊ အဲသည်လို နှလုံးက-ကြည်၊ သဘောက-ထင်၊ မနောဝိညာဏ်က-သိ၊ ဖဿက-တွေ့၊ ဝေဒနာက-ခံစား၊ ဤ ၅-ပါး ပေါင်းဆုံမိတဲ့ကာလကို သိသောခဏလို့ ဆိုလိုပါတယ်။

သို့ဖြစ်၍ **သိသောခဏ၊ သိ—သိတယ်**လို့ မှတ်လျှင်၊ သိကုန်တယ်လို့ ထင်သောသူမှာ၊နှလုံးလဲ မမြဲ၊ သဘောလဲ မမြဲ၊ သိတာလဲ မမြဲ၊တွေ့တာလဲ မမြဲ၊ခံစားတာလဲ မမြဲဟု ဟုတ်တိုင်းမှန်စွာ သိတာဘဲလို့ မြတ်စွာဘုရားက ဟောတော်မူဘယ်။

(အနိစ္စ၏ အဓိပ္ပါယ်)

မြင်သောခဏ၊ မြင်—မြင်တယ်လို့ မှတ်လျှင်၊ မြင်သေးလို့ ထင်သောသူမှာ၊မျက်စိလဲ ဆင်းရဲ၊ အဆင်းလဲ ဆင်းရဲ၊ မြင်တာလဲ

ဆင်းရဲ၊တွေ့ဘာလဲ ဆင်းရဲ၊ခံစားတာလဲ ဆင်းရဲဟု ဟုတ်တိုင်းမှန်စွာ သိတာဘဲလို့ မြတ်စွာဘုရားက ဟောတော်မူတယ်။

ဒုက္ခတော မနသိကရောတော ဘယတော သင်္ခါရာ ဥပဋ္ဌဟန္တိ။

(ဂုဏ်းပါဠိတော်)

ဒုက္ခတော၊ ဆင်းရဲဟု။ မနသိကရောတော၊ နှလုံးသွင်းမိသော သူအား။ ဘယတော၊ ဘေးဟု။ သင်္ခါရာ၊ ရုပ်,နာမ်,ခန္ဓာ,သင်္ခါရ တို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။

ဒုက္ခဘဲ ဆင်းရဲဟု နှလုံးသွင်းသောသူ၏ စိတ် အသိအမြင်မှာ၊ အာရုံပြုမိတဲ့ ရုပ်, နာမ်, ခန္ဓာ, သင်္ခါရ၊ ဘေးလို့ ထင်ရုံမျှ ဖြစ်၏။ ဒုက္ခဘဲ ဆင်းရဲဟု နှလုံးသွင်းမှု ထပ်မံ၍ပြုရတော့မည် မဟုတ်ပါ၊ ဘေးလို့ထင်ကတဲက ဒုက္ခဘဲ ဆင်းရဲဘဲ့အနေ၊ ဟုတ်တိုင်းပင် သိပေ သည်လို့ ဆိုရပါတယ်။

ကြားသောခဏ၊ ကြား–ကြားတယ်လို့ မှတ်လျှင်၊ ကြား ဘေးလို့ ထင်သောသူမှာ၊ နားလဲ ဆင်ရဲ၊ အသံလဲ ဆင်းရဲ၊ ကြား လဲဆင်းရဲ၊တွေ့ဘာလဲ ဆင်းရဲ၊ ခံစားတာလဲ ဆင်းရဲဟု ဟုတ်တိုင်း မှန်စွာ သိဘာဘဲလို့ မြတ်စွာဘုရားက ဟောတော်မူဘယ်။

နံသောခဏ၊ **နံ–နံတယ်**လို့ မှတ်လျှင်၊ နံဘေးလို့ ထင်သော သူမှာ၊ နှာခေါင်းလဲ ဆင်းရဲ၊ အနံ့လဲ ဆင်းရဲ၊ နံဘာလဲ ဆင်းရဲ၊ တွေ့ဘာလဲ ဆင်းရဲ၊ ခံစားတာလဲ ဆင်းရဲဟု ဟုတ်တိုင်း မှန်စွာ သိဘာဘဲလို့ မြတ်စွာဘုရားက ဟောတော်မူဘယ်။

စားသောခဏ၊ **စား–စားတယ်**လို့ မှတ်လျှင်၊ စားဘေး လို့ထင်သောသူမှာ၊ လျှာလဲ ဆင်းရဲ၊ အရသာလဲ ဆင်းရဲ၊ စားတာ လဲ ဆင်းရဲ၊ တွေ့တာလဲ ဆင်းရဲ၊ ခံစားတာလဲ ဆင်းရဲဟု ဟုတ် တိုင်းမှန်စွာ သိဘာဘဲလို့ မြတ်စွာဘုရားက ဟောတော်မူဘတ်။

ထိသောခဏ၊ ထိ—ထိတယ်လို့ မှတ်လျှင်၊ ထိဘေးလို့ ထင်သောသူမှာ၊ ကိုယ်လဲ ဆင်းရဲ၊ အတွေ့လဲ ဆင်းရဲ ထိတာလဲ ဆင်းရဲ၊ တွေ့တာလဲ ဆင်းရဲ၊ ခံစားတာလဲ ဆင်းရဲဟု ဟုတ်တိုင်း မှန်စွာ သိတာဘဲလို့ မြတ်စွာဘုရားက ဟောတော်မူတယ်။

သိသောခဏ၊ သိ—သိတယ်လို့ မှတ်လျှင်၊ သိဘေးလို့ ထင်သောသူမှာ၊ နှလုံးလဲ ဆင်းရဲ၊ သဘောလဲ ဆင်းရဲ၊ သိတာလဲ ဆင်းရဲ၊ တွေ့တာလဲ ဆင်းရဲ၊ ခံစားတာလဲ ဆင်းရဲဟု ဟုတ်တိုင်း မှန်စွာ သိတာဘဲလို့ မြတ်စွာဘုရားက ဟောတော်မူတယ်။

(ဒုက္ခ အဓိပ္ပါယ်)

မြင်သောခဏ၊ မြင်—မြင်တယ်လို့ မှတ်လျှင်၊ မြင်ဆိတ်တယ်လို့ ထင်သောသူမှာ၊ မျက်စိလဲ အစိုးမရ၊ အဆင်းလဲ အစိုးမရ၊ မြင်တာလဲ အစိုးမရ၊ တွေ့တာလဲ အစိုးမရ၊ ခံစားတာလဲ အစိုးမရဟု ဟုတ်တိုင်းမှန်စွာ သိတာဘဲလို့ မြတ်စွာဘုရားက ဟောတော်မူတယ်။

အနတ္တတော မနသိကရောတော သုညတော သင်္ခါရာ ဥပဋ္ဌဟန္တိ။

(ရင်းပါဠိတော်)

အနတ္တတော၊ အစိုးမရဟု။ မနသိကရောတော၊ နှလုံးသွင်းမိသောသူအား။ သုညတော၊ ဆိတ်၏ဟု။ သင်္ခါရာ၊ ရုပ်,နာမ်,ခန္ဓာ, သင်္ခါရတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။

အနတ္တဘဲ အစိုးမရဟု နှလုံးသွင်းသောသူ၏ စိတ် အသိအမြင်မှာ၊ အာရုံပြုမိတဲ့ ရုပ်,နာမ်,ခန္ဓာ,သင်္ခါရ၊ ဆိတ်တယ်လို့ ထင်ရုံမျှသာ ဖြစ်၏။ အနတ္တဘဲ အစိုးမရဟု နှလုံးသွင်းမှု ထပ်မံ၍ ပြုရတော့သည် မဟုတ်ပါ၊ ဆိတ်တယ်လို့ ထင်ကတဲက အနတ္တဘဲ အစိုးမရတဲ့ အနေ၊ ဟုတ်တိုင်းပင် သိပေသည်လို့ ဆိုရပါတယ်။

ကြားသောခဏ၊ ကြား—ကြားတယ်လို့ မှတ်လျှင်၊ ကြား ဆိတ်တယ်လို့ ထင်သောသူမှာ၊ နားလဲ အစိုးမရ၊ အသံလဲ အစိုး မရ၊ ကြားတာလဲ အစိုးမရ၊ တွေ့ဘာလဲ အစိုးမရ၊ ခံစားတာလဲ အစိုးမရဟု ဟုတ်တိုင်း မှန်စွာ သိတာဘဲလို့ မြတ်စွာ ဘုရားက ဟောတော်မူဘယ်။

နံသော ခဏ၊ နံ—နံတယ်လို့ မှတ်လျှင်၊ နံဆိတ်တယ်လို့ ထင်သောသူမှာ၊ နှာခေါင်းလဲ အစိုးမရ၊ အနံ့လဲ အစိုးမရ၊ နံတာ လဲ အစိုးမရ၊ တွေ့ဘာလဲ အစိုးမရ၊ ခံစားဘာလဲ အစိုးမရဟု ဟုတ်တိုင်း မှန်စွာ သိတာဘဲလို့ မြတ်စွာဘုရားက ဟောတော် မူဘယ်။

စားသောခဏ၊ စား—စားတယ်လို့ မှတ်လျှင်၊ စားဆိတ် တယ်လို့ ထင်သောသူမှာ၊ လျှာလဲ အစိုးမရ၊ အရသာလဲ အစိုးမရ၊ စားတာလဲ အစိုးမရ၊ တွေ့တာလဲ အစိုးမရ၊ ခံစားတာလဲ အစိုး မရဟု ဟုတ်တိုင်းမှန်စွာ သိဘာဘဲလို့ မြတ်စွာဘုရားက ဟော တော်မူတယ်။

သိသောခဏ၊ သိ—သိတယ်လို့ မှတ်လျှင်၊ သိဆိတ်တယ်လို့ ထင်သောသူမှာ၊ စိတ်လဲ အစိုးမရ၊ သဘောလဲ အစိုးမရ၊ သိဘာလဲ အစိုးမရ၊ တွေ့တာလဲ အစိုးမရ၊ ခံစားဘာလဲ အစိုးမရဟု ဟုတ် တိုင်းမှန်စွာ သိတာဘဲလို့ မြတ်စွာဘုရားက ဟောတော်မူဘယ်။

(အနတ္တ၏ အဓိပ္ပါယ်)

“**မြင်-မြင်တယ်လို့ မှတ်လျှင်၊ မြင်-ကုန်တယ်လို့ထင်**”ဆိုတဲ့ အဓိပ္ပါယ်က၊မြင်သောခဏ၊ မျက်စိကြည်တာ, အဆင်းထင်တာက- ရုပ်၊မြင်တာ,တွေ့ဘာ,ခံစားတာက-နာမ်၊ ဤ ရုပ်,နာမ်က-မြင်တာ ဘဲ၊မြင်တယ်,မြင်တယ်လို့မှတ်ထာတ-ဝိပဿနာဉာဏ်၊မြင်-ကုန်တာ

က-အနိစ္စ၊ ကုန်တယ်လို့ ထင်တာက-အနိစ္စထင်တယ်၊ အနိစ္စထင် နိစ္စကိုမြင်မှ မဂ်ဝင်တယ်။

"**ကြား-ကြားတယ်လို့ မှတ်လျှင်၊ ကြား-ကုန်တယ်လို့ ထင်**" ဆိုတဲ့ အဓိပ္ပါယ်က၊ ကြားသောခဏ၊ နားကြည်တာ့ အသံ ထင်တာက-ရုပ်၊ ကြားတာ့ တွေ့တာ့ ခံစားတာက-နာမ်၊ ဤ ရုပ် နာမ်က ကြားတာဘဲ၊ ကြားတယ်၊ ကြားတယ်လို့ မှတ်ထာက-ဝိပဿနာဉာဏ်၊ ကြား-ကုန်တာက-အနိစ္စ၊ ကုန်တယ်လို့ထင်တာက အနိစ္စထင်တယ်၊ အနိစ္စထင် နိစ္စကိုမြင်မှ မဂ်ဝင်လို့ ဆိုရတယ်။

"**နံ-နံတယ်လို့ မှတ်လျှင်၊ နံ-ကုန်တယ်လို့ ထင်**" ဆိုတဲ့ အဓိပ္ပါယ်က၊ နံသောခဏ၊ နှာခေါင်းကြည်တာ့ အနံ့ထင်တာက-ရုပ်၊ နံတာ့ တွေ့တာ့ ခံစားတာက-နာမ်၊ ဤ ရုပ် နာမ်က နံတာဘဲ၊ နံတယ်၊ နံတယ်လို့ မှတ်ထာက - ဝိပဿနာဉာဏ်၊ နံ-ကုန်တာက - အနိစ္စ၊ ကုန်တယ် ထင်တာက-အနိစ္စထင်တယ်၊ အနိစ္စထင် နိစ္စကို မြင်မှ မဂ်ဝင်လို့ ဆိုရတယ်။

"**စား-စားတယ်လို့ မှတ်လျှင်၊ စား-ကုန်တယ်လို့ ထင်**" ဆိုတဲ့ အဓိပ္ပါယ်က၊ စားသောခဏ၊ လျှာကြည်တာ့ အရသာထင် တာက-ရုပ်၊ စားတာ့ တွေ့တာ့ ခံစားတာက-နာမ်၊ ဤ ရုပ် နာမ်က စားတာဘဲ၊ စားတယ်၊ စားတယ်လို့ မှတ်ထာက-ဝိပဿနာဉာဏ်၊ စား-ကုန်တာက-အနိစ္စ၊ ကုန်တယ်လို့ ထင်တာက-အနိစ္စ ထင်တယ်၊ အနိစ္စထင် နိစ္စကိုမြင်မှ မဂ်ဝင်လို့ ဆိုရတယ်။

"**ထိ-ထိတယ်လို့ မှတ်လျှင်၊ ထိ-ကုန်တယ်လို့ ထင်**" ဆို တဲ့ အဓိပ္ပါယ်က၊ ထိသောခဏ၊ ကိုယ်ကြည်တာ့ အတွေ့ထင်တာက- ရုပ်၊ ထိတာ့ တွေ့တာ့ ခံစားတာက-နာမ်၊ ဤရုပ် နာမ်က ထိတာဘဲ၊ ထိတယ်၊ ထိတယ်လို့ မှတ်တာက-ဝိပဿနာဉာဏ်၊ ထိ-ကုန်တာက-

အနိစ္စ၊ ကုန်တယ်လို့ထင်တာက-အနိစ္စထင်တယ်၊ အနိစ္စသင် နိစ္စကို မြင်မှ မဂ်ဝင်လို့ဆိုရတယ်။

"သိ-သိတယ်လို့ မှတ်လျှင်၊ သိ-ကုန်တယ်လို့ ထင်" ဆိုတဲ့ အဓိပ္ပါယ်က၊ သိသောခဏ၊ နှလုံးကြည်တာ, သဘောထင်တာက-ရုပ်၊သိတာ,တွေ့တာ,ခံစားတာက-နာမ်၊ဤရုပ်,နာမ်က-သိတာတဲ့၊ သိတယ်,သိတယ်လို့ မှတ်ထားက-ဝိပဿနာဉာဏ်၊ သိကုန်တာက-အနိစ္စ၊ ကုန်တယ်လို့ထင်တာက အနိစ္စထင်တယ်၊ အနိစ္စထင် နိစ္စကို မြင်မှ မဂ်ဝင်လို့ဆိုလိုတယ်။

"အနိစ္စကို ထင် နိစ္စကိုမြင်မှ၊မဂ်ဝင်တယ်လို့"ဆိုတဲ့ အဓိပ္ပါယ်က၊အမှတ်ပြုတဲ့ ရုပ်,နာမ်အာရုံ၊ဖြစ်,ပျက်၍ ကုန်တာကို ကုန်တယ်လို့ ထင်မှသာ မချသိမြင်၊ ဝိပဿနာဉာဏ်က အနိစ္စထင်တယ်လို့ ဆိုရတယ်။ အနိစ္စထင်တဲ့ ဝိပဿနာဉာဏ်က မချသိမြင် ကုန်တယ်လို့ ထင်မှသာ၊ ဖြစ်ပျက်၍ကုန် အမှတ်ပြုတဲ့ ရုပ်, နာမ် အာရုံမှာ၊ ကံကိလေသာ အသစ်အဟောင်း အကြောင်းလဲမဖြစ်၊ ဘဝဘာန် အသစ် ကံကိလေသာ၏ အကျိုးလဲမဖြစ်၊ မဖြစ်လျှင်လဲ မပျက်၊ မဖြစ်မပျက် ကေန်၊ ဘဝတာဘန် ခန္ဓာနာမ်,ရုပ် ချုပ်တဲ့ နိစ္စနိဗ္ဗာန်ကို၊ မဂ်ဉာဏ်က အမှန်မြင်မှသာ မဂ်ဝင်တယ်လို့ဆိုရပါတယ်။

"မြင်-မြင်တယ်လို့ မှတ်လျှင်၊ မြင်-ဘေးလို့ ထင်" ဆိုတဲ့ အဓိပ္ပါယ်က၊မြင်သောခဏ၊ မျက်စိကြည်တာ, အဆင်းထင်တာက-ရုပ်၊ မြင်တာ, တွေ့တာ, ခံစားတာက-နာမ်၊ ဤ ရုပ်,နာမ်က-မြင်တာတဲ့၊ မြင်တယ်- မြင်တယ်လို့ မှတ်ထားက ဝိပဿနာဉာဏ်၊ မြင်တဲ့ဘေးက-ဒုက္ခ၊ ဘေးလို့ထင်တာက ဒုက္ခထင်တယ်၊ ဒုက္ခထင် သုခကိုမြင်မှ မဂ်ဝင်တယ်။

"ကြား-ကြားတယ်လို့ မှတ်လျှင်၊ ကြား-ဘေးလို့ ထင်" ဆိုတဲ့ အခ်ိပ္ပါယ်က၊ ကြားသော ခဏ၊ နားကြည်တာ, အသံထင်တာက-ရုပ်၊ ကြားတာ, တွေ့တာ, ခံစားတာက-နာမ်၊ ဤရုပ်,နာမ်က-ကြားတာဘဲ၊ ကြားတယ်-ကြားတယ်လို့ မှတ်ထားက ဝိပဿနာ ဉာဏ်၊ ကြားတဲ့ ဘေးက-ဒုက္ခ၊ ဘေးလို့ ထင်တာက ဒုက္ခထင်တယ်၊ ဒုက္ခထင် သုခကိုမြင်မှ မဂ်ဝင်တယ်။

''နံ-နံတယ်လို့ မှတ်လျှင်၊ နံ-ဘေးလို့ထင်'' ဆိုတဲ့ အဓိပ္ပါယ်က၊ နံသောခဏ၊ နှာခေါင်း ကြည်တာ,အနံ့ ထင်တာက-ရုပ်၊ နံတာ, တွေ့တာ, ခံစားတာက-နာမ်၊ ဤ ရုပ်,နာမ်က-နံတာဘဲ၊ နံတယ်-နံတယ်လို့ မှတ်ထားက ဝိပဿနာဉာဏ်၊ နံတဲ့ဘေးက ဒုက္ခ၊ ဘေးလို့ ထင်တာက ဒုက္ခထင်တယ်၊ ဒုက္ခထင် သုခကိုမြင်မှ မဂ်ဝင်တယ်။

"စား-စားတယ်လို့ မှတ်လျှင်၊ စားဘေးလို့ထင်" ဆိုတဲ့ အဓိပ္ပါယ်က၊ စားသောခဏ၊ လျှာကြည်တာ, အရသာ ထင်တာက-ရုပ်၊ စားတာ, တွေ့တာ, ခံစားတာက-နာမ်၊ ဤ ရုပ်,နာမ်က စားတာဘဲ၊ စားတယ်, စားတယ်လို့ မှတ်ထားက ဝိပဿနာဉာဏ်၊ စားတဲ့ဘေးက ဒုက္ခ၊ ဘေးလို့ထင်တာက ဒုက္ခထင်တယ်၊ ဒုက္ခထင် သုခကိုမြင်မှ မဂ်ဝင်တယ်။

"ထိ-ထိတယ်လို့ မှတ်လျှင်၊ ထိ-ဘေးလို့ ထင်" ဆိုတဲ့ အဓိပ္ပါယ်က၊ ထိသောခဏ၊ ကိုယ်ကြည်တာ,အတွေ့ထင်တာက-ရုပ်၊ ထိတာ,တွေ့တာ,ခံစားတာက-နာမ်၊ ဤရုပ်,နာမ်က-ထိတာဘဲ၊ ထိတယ်,ထိတယ်လို့ မှတ်ထားက ဝိပဿနာဉာဏ်၊ ထိတဲ့ဘေးက-ဒုက္ခ၊ ဘေးလို့ ထင်တာက ဒုက္ခထင်တယ်၊ ဒုက္ခထင် သုခကိုမြင်မှ မဂ်ဝင်တယ်။

"သိ-သိတယ်လို့ မှတ်လျှင်၊ သိ-ဘေးလို့ ထင်" ဆိုတဲ့ အဓိပ္ပါယ်က၊ သိသောခဏ၊ နှလုံးကြည်တာ, သဘောထင်တာက-

ရုပ်၊သိတာ,တွေ့တာ,ခံစားတာက-နာမ်၊ ဤရုပ်,နာမ်က-သိတာဘဲ၊ သိတယ်, သိတယ်လို့ မှတ်ထားက ဝိပဿနာဉာဏ်၊ သိတဲ့ဘေးက-ဒုက္ခ၊ ဘေးလို့ထင်တာက ဒုက္ခထင်တယ်၊ ဒုက္ခထင် သုခကိုမြင်မှ မဂ်ဝင်တယ်။

"ဒုက္ခထင်,သုခကိုမြင်မှ မဂ်ဝင်တယ်လို့"ဆိုတဲ့ အဓိပ္ပါယ်က၊ အမှတ်ပြုတဲ့ ရုပ်,နာမ်,အာရုံ၊ ဖြစ်,ပျက်တဲ့ဘေးကို ဘေးလို့ထင်မှသာ မုချ သိ,မြင်၊ ဝိပဿနာဉာဏ်က-ဒုက္ခထင်တယ်လို့ ဆိုရတယ်။ ဒုက္ခထင်တဲ့ ဝိပဿနာ ဉာဏ်က မုချ သိ,မြင် ဘေးလို့ ထင်မှသာ၊ ဖြစ်,ပျက်တဲ့ဘေးဟု အမှတ်ပြုတဲ့ ရုပ်,နာမ်,အာရုံမှာ၊ ကံ,ကိလေသာ၏ အသစ်အဟောင်း အကြောင်းလဲ မဖြစ်၊ ဘဝ တဘန် အသစ် ကံ,ကိလေသာ၏ အကျိုးလဲ မဖြစ်၊ မဖြစ်လျှင်လဲ မပျက်၊ မဖြစ်,မပျက်ကေန် ဘဝတဘန် ခန္ဓာ,ရုပ်,နာမ်ချုပ်တဲ့ သုခနိဗ္ဗာန်ကို၊ မဂ်ဉာဏ်က အမှန်မြင်မှသာ မဂ်ဝင်တယ်လို့ ဆိုရပါတယ်။

"**မြင်-မြင်တယ်လို့ မှတ်လျှင်၊ မြင်-ဆိတ်တယ်လို့ ထင်**" ဆိုတဲ့ အဓိပ္ပါယ်က၊ မြင်သောခဏ၊ မျက်စိကြည်တာ,အဆင်းထင်တာက-ရုပ်၊ မြင်တာ,တွေ့တာ,ခံစားတာက-နာမ်၊ ဤရုပ်,နာမ်က-မြင်တာဘဲ၊ မြင်တယ်,မြင်တယ်လို့ မှတ်ထားက - ဝိပဿနာဉာဏ်၊ မြင်ဆိတ်တာက အနတ္တ၊ ဆိတ်တယ်လို့ ထင်တာက အနတ္တ ထင်တယ်၊ အနတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တယ်။

"**ကြား-ကြားတယ်လို့ မှတ်လျှင်၊ ကြား-ဆိတ်တယ်လို့ ထင်**"ဆိုတဲ့ အဓိပ္ပါယ်က၊ကြားသောခဏ၊ နားကြည်တာ,အသံထင်တာက-ရုပ်၊ ကြားတာ,တွေ့တာ,ခံစားတာက-နာမ်၊ ဤ ရုပ်,နာမ်က ကြားတာဘဲ၊ ကြားတယ်, ကြားတယ်လို့ မှတ်ထားက ဝိပဿနာဉာဏ်၊ ကြား-ဆိတ်ထားက အနတ္တ၊ ဆိတ်တယ်လို့ ထင်တာက အနတ္တထင်တယ်၊ အနတ္တထင်ပရမတ္ထကိုမြင်မှ မဂ်ဝင်တယ်။

"**နံ-နံတယ်လို့ မှတ်လျှင်၊ နံ-ဆိတ်တယ်လို့ ထင်**"ဆိုတဲ့ အဓိပ္ပါယ်က၊နံ့သောခဏ၊ နှာခေါင်းကြည်တာ, အနံ့ထင်တာက-ရုပ်၊ နံတာ,တွေ့တာ,ခံစားတာက-နာမ်၊ဤ ရုပ်,နာမ်က- နံတာဘဲ၊ နံတယ်, နံတယ်လို့ မှတ်ထာက - ဝိပဿနာဉာဏ်၊ နံ-ဆိတ်ထာက အနတ္တ၊ ဆိတ်တယ်လို့ ထင်တာက အနတ္တထင်တယ်၊ အနတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တယ်။

"**စား-စားတယ်လို့ မှတ်လျှင်၊ စား-ဆိတ်တယ်လို့ ထင်**" ဆိုတဲ့ အဓိပ္ပါယ်က၊စားသောခဏ၊ လျှာကြည်တာ, အရသာထင်တာက-ရုပ်၊ စားတာ,တွေ့တာ,ခံစားတာက-နာမ်၊ဤ ရုပ်,နာမ်က စားတာဘဲ၊ စားတယ်, စားတယ်လို့ မှတ်ထာက ဝိပဿနာဉာဏ်၊ စားဆိတ်တာက အနတ္တ၊ ဆိတ်တယ်လို့ ထင်တာက အနတ္တထင်တယ်၊ အနတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တယ်။

"**ထိ-ထိတယ်လို့ မှတ်လျှင်၊ ထိ-ဆိတ်တယ်လို့ ထင်**"ဆိုတဲ့ အဓိပ္ပါယ်တ-ထိသောခဏ၊ ကိုယ်ကြည်တာ, အတွေ့ထင်တာက-ရုပ်၊ထိတာ,တွေ့တာ,ခံစားတာက-နာမ်၊ဤရုပ်,နာမ်က-ထိတာဘဲ၊ ထိတယ်,ထိတယ်လို့ မှတ်ထာက-ဝိပဿနာဉာဏ်၊ ထိဆိတ်ထာက-အနတ္တ၊ ဆိတ်တယ်လို့ ထင်တာက-အနတ္တထင်တယ်၊ အနတ္တထင်, ပရမတ္ထကိုမြင်မှ မဂ်ဝင်တယ်။

"**သိ-သိတယ်လို့ မှတ်လျှင်၊ သိ-ဆိတ်တယ်လို့ ထင်**"ဆိုတဲ့ အဓိပ္ပါယ်က၊ သိသောခဏ၊ နှလုံးကြည်တာ, သဘောထင်တာက-ရုပ်၊ သိတာ,တွေ့တာ, ခံစားတာက-နာမ်၊ ဤ ရုပ်,နာမ်က-သိတာဘဲ၊ သိတယ်,သိတယ်လို့ မှတ်ထာက ဝိပဿနာဉာဏ်၊ သိ-ဆိတ်ထာက အနတ္တ၊ ဆိတ်တယ်လို့ထင်တာက အနတ္တထင်တယ်၊ အနတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တယ်။

"အနုတ္တထင်, ပရမတ္ထကိုမြင်မှ မဂ်ဝင်တယ်"ဆိုတဲ့ အဓိပ္ပါယ်ကားအမှတ်ပြုတဲ့ ရုပ်,နာမ်,အာရုံ၊ ဖြစ်,ပျက်၍ ဆိတ်တာကို ဆိတ်တယ်လို့ထင်မှသာ မုချ သိမြင်၊ဝိပဿနာဉာဏ်က-အနုတ္တထင်တယ်လို့ ဆိုရပါတယ်။ အနုတ္တထင်တဲ့ ဝိပဿနာဉာဏ်က မုချ သိမြင်ဆိတ်တယ်လို့ ထင်မှသာ၊ ဖြစ်,ပျက်၍ ဆိတ်၏ဟု အမှတ်ပြုတဲ့ ရုပ်,နာမ်,အာရုံမှာ၊ ကံ,ကိလေသာ၏ အသစ်,အဟောင်း အကြောင်းလဲ မဖြစ်၊ ဘဝတဘန်အသစ် ကံ,ကိလေသာ၏ အကျိုးလဲမဖြစ်၊ မဖြစ်လျှင်လဲ မပျက်၊ မဖြစ်,မပျက်ကေန် ဘဝတဘန် ခန္ဓာ,နာမ်ရုပ်ချုပ်တဲ့ ပရမတ္ထနိဗ္ဗာန်ကို၊မဂ်ဉာဏ်က အမှန်မြင်မှသာ၊ မဂ်ဝင်တယ်လို့ ဆိုရပါတယ်။

"နိဗ္ဗာန်ကို မဂ်ဉာဏ်က အမှန်မြင်"ဆိုတဲ့ အဓိပ္ပါယ်ကား၊မဂ်ကိစ္စ ၄-ချက် တပြိုင်နက် ပြီးတယ်လို့ ဆိုရပါတယ်။

"**မဂ်ကိစ္စ ၄-ချက် တပြိုင်နက်ပြီး**"ဆိုတဲ့ အဓိပ္ပါယ်က၊ဒုက္ခသစ္စာကိုလဲ ပိုင်းခြား၊သမုဒယသစ္စာကိုလဲ ပယ်၊ နိရောဓသစ္စာကိုလဲ မျက်မှောက်ပြု၊ မဂ္ဂသစ္စာကိုလဲ ပွား။

ဒုက္ခသစ္စာ - ကိုလဲ ပိုင်းခြား, ဆိုတဲ့ အဓိပ္ပါယ်က၊ မဂ်ဖြင့် အသစ်,အဟောင်း,အကြောင်း မဖြစ်၊ ပျောက်ပျက်သော ကံ,ကိလေသာနှင့် ရောနှောခွင့်မရ၊ မဂ်ဖြင့် ခြားနားသော လောကီ,ခန္ဓာ,နာမ်,ရုပ်ကို၊ မဂ်က ဒုက္ခသစ္စာကို ပိုင်းခြားတယ်လို့ ဆိုရပါတယ်။

သမုဒယသစ္စာ-ကို ပယ်ဆိုတဲ့,အဓိပ္ပါယ်က၊ ရောနှောခွင့်မရ မဂ်ဖြင့် ခြားနားသော လောကီ,ခန္ဓာ,နာမ်,ရုပ်၌၊ မဂ်ဖြင့် အသစ်,အဟောင်း,အကြောင်း မဖြစ်၊ ပျောက်ပျက်သော ကံ,ကိလေသာကို၊ မဂ်က သမုဒယသစ္စာကို ပယ်တယ်လို့ ဆိုရပါတယ်။

နိရောဓသစ္စာ-ကို မျက်မှောက်ပြု- ဆိုတဲ့ အဓိပ္ပါယ်က၊ မဂ်ဖြင့် အသစ်, အဟောင်း, အကြောင်း မဖြစ်၊ ပျောက်ပျက်သော ကံ,ကိလေသာနှင့် ရောနှောခွင့်မရ၊ မဂ်ဖြင့် ခြားနားသော လောကီခန္ဓာ,နာမ်,ရုပ်၌၊ မဂ်ဖြင့် ဘဝတဘန်-အသစ်၊ကံ,ကိလေသာ၏ အကျိုးမဖြစ်ဟု ရှုမြင်သည်ကို မဂ်က နိရောဓသစ္စာကို မျက်မှောက်ပြုတယ်လို့ ဆိုရပါတယ်။

မဂ္ဂသစ္စာ-ကို ပွား-ဆိုတဲ့, အဓိပ္ပါယ်က၊ ဘဝတဘန်-အသစ် ကံ,ကိလေသာ၏ အကျိုး မဖြစ်ဟု ရှုမြင်သော မဂ်ပညာ ဝိပဿနာ၊ မဂ်,သမာဓိက-သမထ၊ ဤ သမထ,ဝိပဿနာ အစုံ လောကီ, ခန္ဓာ, နာမ်,ရုပ်၌၊ အနုသယ, ပရိယုဋ္ဌာန် ကိလေသာမှ လွတ်သော ကိစ္စ တူကြသည်ကို၊ မဂ်က မဂ္ဂသစ္စာကို ပွားတယ်လို့ ဆိုရပါတယ်။

အဲ-သည်လို နိဗ္ဗာန်ကို မဂ်ဉာဏ်က-အမှန်မြင် ဆိုတဲ့ အဓိပ္ပါယ် တ၊မဂ်ကိစ္စ ၄-ချက် တပြိုင်နက် ပြီးတယ်လို့ ဆိုရပါသတည်း။

ဝိပဿနာလက်စွဲကျမ်း ပြီး၏။

●

မင်းကွန်း

ဝိပဿနာဒီပနီကျမ်း ၇-ကျော်